ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

အဋ္ဌမနေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်**

**( ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် )**

**[ အင်္ဂါနေ့ ]**

**အချိန်၊ ၁၀:၀၅။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ်ကို ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၆။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေစုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၁၈၂)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၁.၆၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၉။**

**ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ၁၈-၂-၂၀၂၀ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်မ ဒေါ်သီရိရတနာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ အစည်းအဝေးတက်ရောက်ရန်။ ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဒေါ်လွီးဇာ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးငွန်ဟေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးပြူးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်တင်ဆွေ၊ တပ်မတော်သားကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ e-Government Conference ဖွင့်ပွဲအခမ်းအနား တက်ရောက်ရန်။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးဝင်းကြိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ညီဖြစ်သူ နာရေးကိစ္စဆောင်ရွက်ရန်။ ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊

ကျန်းမာရေး။ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ချင်းအမျိုးသားနေ့ အခမ်းအနားတက်ရောက်ရန်။ ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးယောနာ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းလင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကျန်းမာရေး တို့ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၃)ဦးနှင့် ယနေ့ခွင့်ပန်ကြားသူ (၃၈)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၄၁)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀:၁၄။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၁၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၁)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀:၁၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ အရ လွှတ်တော် အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်ရန်ဖြစ်သော်လည်း သတ်မှတ်ထားသည့် အချိန်အတွင်း မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း မပြီးဆုံးခဲ့ပါက အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင်အသိပေးပါတယ်။

**မြန်မာနိုင်ငံအတွင်း၌ မြေငလျင်များ မကြာခဏ လှုပ်ခတ်လာပါသဖြင့် ငလျင်ဘေးအန္တရာယ် ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားမှုများနှင့် အန္တရာယ်ကျရောက်လာပါက ထိခိုက်ပျက်စီး ဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် မည်ကဲ့သို့ စနစ်တကျ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၇။**

**ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်က ငလျင်ဘေး အန္တရာယ်အတွက် ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်မှုကိစ္စနှင့် ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ စစ်ကိုင်း၊ ကဘော်၊ ကျောက်ကြမ်း၊ မိုးမိတ်၊ ဒေးဒရဲ စတဲ့ လှုပ်ရှားနေတဲ့ ပြတ်ရွေ့ကြောကြီး(၅)ခုအပေါ်မှာ တည်ရှိနေပြီး အခြားလှုပ်ရှားနေတဲ့ ပြတ်ရွေ့ကြောအသေးများစွာလည်းရှိတဲ့အတွက် နိုင်ငံရဲ့မည်သည့်ဒေသတွင် မဆို အချိန်မရွေး လှုပ်ခတ်ခံစားရနိုင်တဲ့ ကမ္ဘာပေါ်မှာ မြေငလျင်အန္တရာယ်အကြီးမားဆုံး နိုင်ငံများ စာရင်းမှာ ပါဝင်နေပါတယ်။

ယခုအခါမှာ မြေအောက်ရေ အလွန်အကျွံသုံးစွဲခြင်း၊ သဘာဝဓာတ်ငွေ့များကို တူးဖော် ထုတ်ယူမှု များပြားလာခြင်းတို့ကြောင့် မြေအောက်ကျောက်သားတွေ ရွေ့လျားတွန်းတိုက်ပြီး ငလျင် လှုပ်ခတ်တဲ့ အကြိမ်အရေအတွက်ဟာ များပြားလာရတယ်လို့ သိရှိရပါတယ်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ မြေငလျင်ဌာနခွဲ၏ စာရင်းများအရ မြန်မာနိုင်ငံမှာ ၂၀၁၈ ခုနှစ်တွင် အကြိမ်ရေ (၁၅၀)ကျော်၊ ၂၀၁၉ ခုနှစ်တွင် အကြိမ်ရေ(၁၄၀)ကျော် လှုပ်ခတ်ခဲ့တယ်လို့ သိရှိရပါတယ်။ ထိုကဲ့သို့ မြေငလျင်များ မကြာခဏလှုပ်ခတ်လာပါသဖြင့် ပြည်သူများဟာ ထိတ်လန့်ကာ စိုးရိမ် ပူပန်စိတ် မြင့်မားနေကြပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ နိုင်ငံအတွင်းမှာရှိတဲ့ သက်တမ်း ရှည်ကြာနေပြီဖြစ်တဲ့ မြို့ပြနှင့် သာသနိကအဆောက်အအုံများ၊ ဘုရားစေတီပုထိုးကြီးများဟာလည်း ကြံ့ခိုင်မှုအားနည်းလာကြ၍ ပြိုပျက်လွယ်သောအနေအထားကို ရောက်ရှိနေကြပြီဖြစ်ပါတယ်။ လူနေတိုက်တာ အဆောက်အအုံများ၊ လမ်း၊ တံတား၊ ဆည်တာတမံ အများစုတို့ဟာလည်း အင်အားပြင်း မြေငလျင်လှုပ်ခတ်မှုဒဏ်ကို ခံနိုင်ရည်မရှိကြတော့ပါဘူး။ ဒါကြောင့် ၎င်းတို့ရဲ့ ခံနိုင်ရည်ကို ပညာရှင်များ၊ ခေတ်မီနည်းပညာ စက်ကိရိယာများဖြင့် စစ်ဆေးခြင်း၊ ပိုမိုကြံ့ခိုင်အောင်

ပြုပြင်မွမ်းမံခြင်း၊ အန္တရာယ်ရှိအဆောက်အအုံများကို အချိန်မီဖြိုဖျက်ခြင်း စသည်တို့ကို စနစ်တကျ စီမံချက်ချမှတ်ပြီး အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါတယ်။

ပြည်သူများကိုလည်း လျှောင်လှုပ်လာရင် ပြတင်းပေါက်နှင့် ဝေးရာနံရံထောင့်၊ တောင့်တင်း ခိုင်မာတဲ့ ပရိဘောဂများရဲ့ဘေး၊ အသက်ကယ်တြိဂံနေရာမှာ လက်နှစ်ဖက်ယှက် ခေါင်းမော့တင် ဝပ်ပြီးငြိမ်နေရာမှာ နောက်ဆက်တွဲ အသေးစားလှုပ်ခတ်မှုလေးတွေ ငြိမ်သွားမှ အဆောက်အအုံနဲ့ ဝေးရာကို ပြေးရတာမျိုးတွေ စတဲ့ ငလျင်ဆိုင်ရာအသိပညာပေးခြင်း၊ ဟောပြောခြင်း၊ ဇာတ်တိုက် လေ့ကျင့်ပေးခြင်းများကိုလည်း မကြာခဏ ပြုလုပ်ပေးသင့်ပါတယ်။ အကယ်၍ ငလျင်ဘေး အန္တရာယ်ကျရောက်လာပါကလည်း မှန်ကန်တိကျပြည့်စုံတဲ့ သတင်းထုတ်ပြန်မှုများ၊ တုံ့ပြန် ဆောင်ရွက်ရန် နည်းလမ်းများ၊ ကယ်ဆယ်ရေးအစီအစဉ်များနဲ့ ပြန်လည်ထူထောင်ရေးအစီအမံများ ကိုလည်း စနစ်တကျ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှသာ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ၊ နစ်နာမှု များ လျော့နည်းသက်သာစေမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးငှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည် မှာ ယခုအခါ မြန်မာနိုင်ငံအတွင်း၌ မြေငလျင်များ မကြာခဏလှုပ်ခတ်လာပါသဖြင့် ငလျင်ဘေး အန္တရာယ်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားမှုများနှင့် အန္တရာယ်ကျရောက်လာပါက ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် မည်ကဲ့သို့စနစ်တကျ စီမံ ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၂၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၂၀။**

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ တက်ရောက်လာသူများအားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါ စေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးစိုးအောင် ဖြစ်ပါတယ်။ ဒုတိယ အကြိမ်အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး ရဲ့ မြန်မာနိုင်ငံအတွင်း၌ မြေငလျင်များ မကြာခဏ လှုပ်ခတ်လာပါသဖြင့် ငလျင်ဘေးအန္တရာယ် ကာကွယ်ရေးအတွက်

ကြိုတင်ပြင်ဆင်ထားမှုများနှင့် အန္တရာယ်ကျရောက်လာပါက ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် မည်ကဲ့သို့ စနစ်တကျ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရဲ့ ဖြေကြားချက်များကို ပေါင်းစပ်ပြီး ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုနိုင်ပါရန်နှင့် အချက်အလက်များ ပြည့်စုံစွာ ဖြေကြားနိုင်ရေးအတွက် အချိန်ကို မိနစ်အနည်းငယ်ခန့် ထပ်ဆောင်းပေးနိုင်ပါရန်နှင့် တင်ပြချက်များမှာ ဘာသာရပ်ဆိုင်ရာ ကိစ္စရပ်များတွင် အင်္ဂလိပ်လိုအသုံးအနှုန်းများ သုံးစွဲခွင့်ပြုနိုင်ပါရန် တင်ပြပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှာ မြေငလျင်ဘေးအပါအဝင် သဘာဝဘေးအန္တရာယ်များနဲ့ ပတ်သက်၍ စီမံခန့်ခွဲမှုကို ဒုတိယသမ္မတ(၂) ဦးစီးသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းထားရှိ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီကော်မတီမှာ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များ၊ တပ်မတော်မှ စစ်ဦးစီးအရာရှိချုပ်များ၊ သက်ဆိုင်ရာဒုတိယဝန်ကြီးများ၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ပေးအပ်သည့် အစိုးရအဖွဲ့ဝန်ကြီးများပါဝင်ပြီး ကဏ္ဍအလိုက် လုပ်ငန်းကော်မတီ(၁၂)ရပ်ဖွဲ့စည်းထားသလို ပြည်နယ်/တိုင်းဒေသကြီးများမှာလည်း ဝန်ကြီးချုပ်များဦးဆောင်၍ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်ပြီး ကော်မတီများဖွဲ့စည်းကာ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။

ဒ့ါအပြင် သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းတွေမှာ သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်ပညာရှင်တွေရဲ့အကြံဉာဏ်တွေကို ရယူဆောင်ရွက်နိုင်ဖို့ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးအဖွဲ့ကိုလည်း ဖွဲ့စည်းပြီး အကြံဉာဏ်များ ရယူဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒ့ါအပြင် သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေကိုလည်း နိုင်ငံတော်မှ ထည့်ဝင်ငွေနှင့် လှူဒါန်းမှုများမှ ရရှိငွေများဖြင့် ထူထောင်ထားရှိ စီမံခန့်ခွဲလျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး၏ ဆွေးနွေးချက်မှာပါတဲ့အတိုင်းပါပဲ ငလျင်ဘေးအန္တရာယ်ဆိုတာ ကြိုတင်ခန့်မှန်း၍မရသော သဘာဝဘေးဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ စစ်ကိုင်း၊ ကျောက်ကြမ်း၊ ဖာပွန်နှင့် ကဘော် စတဲ့ ပြတ်ရွေ့များနှင့်အတူ အရှေ့ဘက်ကုန်းမြင့်ဒေသမှာ အရှေ့-အနောက် တည်ရှိတဲ့ သက်ရှင်ပြတ်ရွေ့များဖြစ်ပြီး စစ်ကိုင်းပြတ်ရွေ့ဟာ တောင်-မြောက်သွယ်တန်းလျက်ရှိကာ မန္တလေး-နေပြည်တော်-ပဲခူး-ရန်ကုန် စတဲ့ မြို့ကြီးများကို ဖြတ်သန်းတည်ရှိပါတယ်။ ငလျင်ကြောင့် ပျက်စီးထိခိုက်မှုအဆင့်အပေါ်အခြေခံပြီး ငလျင်ပြင်းထန်အားကို

မာကယ်လီစကေးဖြင့် တင်ပြပါ အတိုင်းဖော်ပြပြီး ငလျင်ပြင်းအားနှင့် သက်ရောက်နိုင်ခြေကိုတော့ တင်ပြပါဇယားအတိုင်း ရစ်ချ်တာစကေးဖြင့် ဖော်ပြတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွင်း လှုပ်ခတ်ခဲ့တဲ့ ငလျင်တွေအနက်က မှတ်တမ်းများအရ အင်အားပြင်းထန်ပြီး ပျက်စီးဆုံးရှုံးမှုနဲ့ အသေအပျောက်များတဲ့ အင်းဝ၊ ပဲခူး၊ တာလေ၊ သပိတ်ကျင်း၊ မော်လိုက်၊ ချောက် ငလျင်များကြောင့် လူဦးရေစုစုပေါင်း (၁၀၅၆)ဦးခန့် သေဆုံးခဲ့ပြီးတော့ စေတီပုထိုးများ၊ ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများ၊ နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရတာကို တွေ့ရှိရပြီး ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်များမှာလည်း ပြင်းအားအနည်းငယ်ရှိသော ငလျင်လှုပ်ခတ်မှုများရှိပြီး ယခင်နှစ်များထက် အကြိမ်အရေအတွက် ပိုများလာတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

ကြိုတင်ခန့်မှန်း၍မရသော ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရန်အတွက် အသိပညာပေးဆောင်ရွက်မှုအနေဖြင့် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာများမျှဝေခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်မှုနဲ့ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ရန်အတွက် ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်တုံ့ပြန်နိုင်ရေး Forum များကိုလည်း ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း နေပြည်တော်၊ ရန်ကုန်နဲ့ မန္တလေးမြို့တို့မှာ စုစုပေါင်း (၄)ကြိမ် ပြုလုပ်နိုင်ခဲ့ပါတယ်။ မိမိတို့ဝန်ကြီးဌာနအနေနဲ့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်း၍ ငလျင်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်ချက်ကို ဆောင်ရွက်ထားပြီး ငလျင်အန္တရာယ်ကြုံတွေ့ရချိန်မှာ အရေးပေါ်ဆောင်ရွက်ရမည့် စံလုပ်ငန်းအစီအစဉ်များ(SOP)နှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးစီမံချက်(Contingency Plan)တို့ကို ရေးဆွဲဆောင်ရွက်ထားရှိပါတယ်။

ငလျင်ဘေးအန္တရာယ်ကြောင့် သမိုင်းဝင်ယဉ်ကျေးမှု အမွေအနှစ်များ ထိခိုက်ဆုံးရှုံးမှု လျော့နည်းသက်သာစေဖို့အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဦးဆောင်ပြီး ဂျပန်နိုင်ငံအစိုးရနဲ့ ကမ္ဘာ့ဘဏ်အဖွဲ့အစည်းတို့ရဲ့ ပံ့ပိုးကူညီမှုနဲ့ ပုဂံဒေသမှာ ငလျင်ဘေးအန္တရာယ် ကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျှော့ချပေးနိုင်မယ့် အစီအမံတွေကိုလည်း ရေးဆွဲအကောင်အထည်ဖော် လျက်ရှိပါတယ်။ ပြည်သူလူထုအသိပညာပေး အစီအစဉ်များအနေနဲ့ စာသင်ကျောင်း၊ ကျေးရွာ၊ မြို့ပြများတွင် လိုက်နာဆောင်ရွက်ရန် ရုပ်သံဇာတ်လမ်းတို(၄)မျိုးနဲ့ ပြည်သူလူထုလိုက်နာဆောင်ရွက်ရန် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အချက်အလက်များကို ရုပ်မြင်သံကြားနဲ့ ရေဒီယိုတို့မှာ အခါအားလျော်စွာ ပညာပေးဆောင်ရွက်ခြင်း၊ ငလျင်နဲ့ပတ်သက်တဲ့ လက်ကမ်းစာစောင်တွေ၊ လက်စွဲစာအုပ်တွေ၊ ရုပ်ပြစာအုပ်များ ထုတ်လုပ်ဖြန့်ဝေခြင်း၊ မြေငလျင်ဇာတ်တိုက်လေ့ကျင့်ခြင်း အဆင့်ဆင့် စာအုပ်တို့ကိုလည်း စာကြည့်တိုက်များတွင် ဖြန့်ဝေထားရှိခြင်း၊ ငလျင်ဘေးအပါအဝင် ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆိုင်းဘုတ်များ စိုက်ထူခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ ငလျင်ဘေးအပါအဝင် သဘာဝဘေး အသိပညာပေးဟောပြောပွဲ (၃၃၁၁)ကြိမ်ပြုလုပ်ခဲ့သလို တိုင်းဒေသကြီး/ပြည်နယ်(၆)ခုရှိ စာသင်ကျောင်း

(၆၀၄)ကျောင်းမှာရှိတဲ့ ကျောင်းသား၊ ကျောင်းသူ(၂၉၅၆၂၅)ဦးအား ငလျင်ဆိုင်ရာ အသိပညာများ ဖြန့်ဝေခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။

ဒါ့အပြင် လူမှုကွန်ရက်များမှတစ်ဆင့် သဘာဝဘေးများနဲ့ ပတ်သက်၍ အများပြည်သူ သိရှိလိုက်နာဆောင်ရွက်ရန်အတွက် Disaster Alert Notification (DAN) Mobile Application အပါအဝင် သဘာဝဘေးအန္တရာယ်(၉)မျိုးနဲ့ ပတ်သက်တဲ့ ဆောင်ရန်၊ ရှောင်ရန် အချက်တွေ အသိပညာပေး ကာတွန်း၊ ရုပ်သံ Animation ဖန်တီးမှုများကို ထည့်သွင်းပါတယ်။ ဒါ့အပြင် အမြင်အာရုံ ချို့ယွင်းသူများအတွက် အသံနားထောင်၍သော်လည်းကောင်း၊ အကြားအာရုံ ချို့ယွင်းသူများအတွက် ကာတွန်း၊ ဗီဒီယိုများကြည့်ရှု၍ သိရှိနားလည်နိုင်ရန်လည်းကောင်း စီစဉ်ထားပါတယ်။ အထက်ပါ ကျွန်တော်တို့ ဝန်ကြီးဌာနကထုတ်ထားတဲ့ DAN Mobile Application ကိုလည်း ဆက်သွယ်ရေးမှူးချုပ်တို့နဲ့ ညှိနှိုင်းပြီးတော့မှ လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ Mobile ဖုန်းများမှာ DAN Mobile Application ကိုလည်း ထည့်သွင်းပေးနိုင်ဖို့ကို ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လတ်တလော အသိပညာပေးဆောင်ရွက်မှုအနေဖြင့် ငလျင်ဘေးအန္တရာယ်နဲ့စပ်လျဉ်း၍ ပြည်သူလူထုပူးပေါင်းပါဝင်တဲ့ အသိပညာပေး ရက်သတ္တပတ်အစီအစဉ်ကို မိမိတို့ဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ မြန်မာနိုင်ငံ ငလျင်ကော်မတီ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်မှု လျှော့ချရေးလုပ်ငန်းအဖွဲ့ (DRR Working Group)တို့နဲ့ လူမှုအဖွဲ့အစည်းတို့ပူးပေါင်းပြီး ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်ကနေ ၂၂ ရက်နေ့အထိ ရန်ကုန်မြို့၊ မဟာဗန္ဓုလပန်းခြံ၊ သာကေတ၊ ဒဂုံဆိပ်ကမ်း၊ လှိုင်သာယာ၊ ကျောက်တန်း၊ တောင်ဥက္ကလာပ၊ မင်္ဂလာတောင်ညွန့်စတဲ့ မြို့နယ်များမှာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒီအစီအစဉ်ကို ဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ ကျောင်းသား၊ ကျောင်းသူများအပါအဝင် ပြည်သူလူထုများ ပါဝင်လေ့ကျင့်လုပ်ရှားလျက်ရှိပါတယ်။ ကြိုတင်ပြင်ဆင်ခြင်းအနေနဲ့ဆိုရင် ငလျင်ဘေးအန္တရာယ်ကြောင့် အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် လျှော့ချရန်နဲ့ ကြီးမားတဲ့ ငလျင်ဘေးဖြစ်ပွားပြီးနောက် ငလျင်ဘေးဒဏ်ခံရသူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားအဆင့် ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးစီမံချက်ကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင်လည်းကောင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း ငလျင်ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနဲ့ တုံ့ပြန်ရေးစီမံချက်စာအုပ်ကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင်လည်းကောင်း အတည်ပြုထုတ်ဝေနိုင်ခဲ့ပြီး စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သဘာဝဘေးအန္တရာယ်မဖြစ်ပွားမီ ကြိုတင်ပြင်ဆင်မှုများအနေနဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီရဲ့ ဦးဆောင်မှုဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီး ဌာနက မြို့နယ်များမှာ တပ်စု (၃၃၃)စု၊ တပ်ခွဲ(၁၇)ခွဲ၊ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် စုစုပေါင်း (၁၃၆၂၇)ဦးတို့ စုဖွဲ့စည်းပြီး ရှာဖွေကယ်ဆယ်ရေးနည်းစနစ်များ လေ့ကျင့်သင်ကြားပေးပြီး အသင့်စုဖွဲ့ ပြင်ဆင်ထားရှိတဲ့အပြင် နေပြည်တော်၊ ရန်ကုန်နဲ့ မန္တလေးမြို့တွေမှာ ရှာဖွေကယ်ဆယ် ရေးအထူးတပ်ခွဲ တစ်ခွဲစီ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် (၃၄၈)ဦးအား ထပ်မံစုဖွဲ့ထားရှိပြီး လိုအပ်တဲ့ လူနာတင်ယာဉ်များ၊ ရှာဖွေကယ်ဆယ်ရေးယာဉ်များနဲ့ အထောက်အကူပြုယာဉ်များကို အသီးသီး ခွဲဝေစုဖွဲ့ထားရှိပြီးဖြစ်ပါတယ်။ မြေငလျင်ကြောင့်သော်လည်းကောင်း၊ အခြားအကြောင်းကြောင့် သော်လည်းကောင်း အဆောက်အအုံပြိုကျပျက်စီးမှုများနှင့် မြေပြိုမှုများကြောင့် အပျက်အစီးများ အောက်မှာ ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်နိုင်ရန်အတွက် လူ့နှလုံးခုန်သံနှင့် ခန္ဓာကိုယ်အပူချိန် တို့ကို ထောက်လှမ်းတဲ့ စက်ကိရိယာများ စသည့် နည်းပညာသုံးကိရိယာများကိုလည်း အရန်သင့် စုဖွဲ့ထားရှိပါတယ်။

တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့အနေနဲ့လည်း ငလျင်ဘေးအပါအဝင် သဘာဝဘေး အန္တရာယ်ကျရောက်လာပါက အမိန့်စောင့်ဆိုင်းစရာမလိုအပ်ဘဲ အနီးစပ်ဆုံးတပ်များက ရှာဖွေ ကယ်ဆယ်ရေးအပါအဝင် လိုအပ်တဲ့ကူညီမှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိ ပါတယ်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေနဲ့လည်း မြေငလျင်တိုင်းတာ ရေးစက် များကို မြန်မာတစ်နိုင်ငံလုံးမှာ တပ်ဆင်ထားရှိ၍ (၂၄)နာရီဆောင်ရွက်လျက်ရှိပြီး မြေငလျင်သတင်း၊ ဆူနာမီ သတိပေးချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိတဲ့အပြင် မြေငလျင်ဘေး အန္တရာယ်လျော့ပါးရေးအတွက် Earthquake Risk Assessment of Mandalay City စီမံကိန်းနဲ့ ဆူနာမီ ဘေးအန္တရာယ်လျော့ပါးရေးအတွက် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ အောင်လှိုင် ကျေးရွာမှာ Tsunami Risk Assessment တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံ တကာအဖွဲ့အစည်းများနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆေးရုံကြီးများတွင် ဆောင်ရွက်ထားရှိတဲ့ အစုလိုက် ထိခိုက်ဒဏ်ရာရရှိမှုများအတွက် စီမံခန့်ခွဲမှုစီမံချက် (Mass Casuality Management Plan)မှာလည်း မည်သို့အရေးပေါ် တုံ့ပြန်ဆောင်ရွက်မည်ကို ပြုစုထုတ်ပြန်ထားပြီး ဇာတ်တိုက် လေ့ကျင့်မှုများကိုလည်း ဆက်စပ်ဌာနများ၊ ဒေသခံလူမှုရေးအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက် လျက်ရှိပါတယ်။ သဘာဝဘေးအန္တရာယ်များကျရောက်ချိန်မှာ ပြည်သူများ ဘေးဒဏ်မှ ခိုလှုံနိုင်ရန် အတွက် Cyclone Shelter များ တည်ဆောက်ရာမှာ ငလျင်ဒဏ်၊ လှိုင်းဒဏ်၊ မိုးဒဏ်နဲ့ သဘာဝဘေး အန္တရာယ်များကို ခံနိုင်ရည်ရှိစေရေး Myanmar National Building Code ပါ ညွှန်ကြားချက်

များနဲ့အညီ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာနက တာဝန်ယူတွက်ချက်ရေးဆွဲပြီး တည်ဆောက်မယ့် ကုမ္ပဏီများသို့ပေး၍ တည်ဆောက်စေလျက်ရှိပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့လည်း ဘေးကင်းလုံခြုံတဲ့ စာသင်ကျောင်းများ တည်ဆောက်ရန်အတွက် လမ်းညွှန်ချက်ထုတ်ပြန်ထားပြီး အဆိုပါ လမ်းညွှန်ချက်များနဲ့အညီ အကောင်အထည်ဖော်နိုင်ရန်ဆောင်ရွက်လျက်ရှိပါတယ်။ ဆည်မြောင်းဦးစီးဌာနအနေနဲ့ ဆည်၊ တာတမံများ ဒီအတိုင်းတွက်ချက်ရာတွင် မြေငလျင်ဒဏ် ထိခိုက်ပျက်စီးဆုံးရှုံးမှု လျော့ပါးစေရေးအတွက် Safety Factor များထည့်သွင်းကာ တွက်ချက်ခြင်း၊ ငလျင်လှုပ်ခတ်ပြီးတဲ့အချိန်မှာလည်း အနီးပတ်ဝန်းကျင်ရှိ ဆည်တမံများသို့ သွားရောက်၍ ထိခိုက်မှု ရှိ/မရှိကို မျက်မြင်စစ်ဆေးခြင်း၊ ဘူမိရူပဗေဒနည်းပညာသုံး၍ စစ်ဆေးခြင်းများပြုလုပ်၍ လိုအပ်တဲ့ပြင်ဆင်မှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာလည်း စည်ပင်သာယာရေးကော်မတီနှင့် ကမ္ဘာ့ဘဏ်အဖွဲ့အစည်းတို့ ပူးပေါင်းပြီး ပြည်သူပိုင် အဆောက်အအုံများကို ငလျင်ဒဏ်ခံနိုင်ရည်ရှိအောင် ပြင်ဆင်မွမ်းမံတဲ့ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်မှုများအနေနဲ့ အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီရဲ့ လမ်းညွှန်မှုဖြင့် နိုင်ငံတော်အဆင့် မြေငလျင်တုံ့ပြန် ဆောင်ရွက်မှုဆိုင်ရာ သဏ္ဍာန်တူ စားပွဲတင်လေ့ကျင့်ခန်းကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် နေပြည်တော်မှာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကနေ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ ငလျင်ဇာတ်တိုက်လေ့ကျင့်ခန်းကို (၁၃၄)ကြိမ် ပြုလုပ်နိုင်ခဲ့ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းနှင့်စပ်လျဉ်း၍ ငလျင်ဘေးအန္တရာယ်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားမှုများနှင့် အန္တရာယ်ကျရောက်လာပါက ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုအဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး စီမံချက်များရေးဆွဲကာ ပြည်သူလူထုကိုယ်တိုင်ပါဝင်တဲ့ ကြိုတင်ပြင်ဆင်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၃၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦး မေးမြန်းတဲ့မေးခွန်းများဟာ ပညာရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ မုက္ခမူကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းတွင် လိုအပ် နေသည့်(၃၀x၉၀)ပေ သိပ္ပံဆောင်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၁။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၁။**

**ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ် များအားလုံးနဲ့ လွှတ်တော်ကြီးတစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ကျိုက်ထိုမြို့နယ်ကိုယ်စားပြု အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ) ဦးလှမြင့်သန်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ မုက္ခမူကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းမှာ လိုအပ်နေတဲ့ (၃၀ x ၉၀)ပေ သိပ္ပံဆောင်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ မုက္ခမူကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှာ လက်ရှိပညာသင်နှစ်တွင် တက်ရောက်သင် ကြားနေတဲ့ ကျောင်းသူ၊ ကျောင်းသားပေါင်း (၁၀၁၁)ဦးရှိပြီး ကျောင်းဧရိယာမှာ (၆.၄၅)ဧက ကျယ်ဝန်းပါတယ်။ ကျောင်းဝင်းထဲမှာ (၁၂၀x၃၀)ပေ တစ်ထပ်ကျောင်းဆောင် (၃)ဆောင်၊ (၁၅၀x၃၀)ပေ တစ်ထပ်ကျောင်းဆောင် (၁)ဆောင်နှင့် (၁၀၀x၃၀)ပေ RC နှစ်ထပ်ဆောင် (၁)ဆောင်၊ စုစုပေါင်း ကျောင်းဆောင် (၅)ဆောင်ရှိပြီး ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်က မုက္ခမူ ကျေးရွာဟာ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာတော်မှာ သီလ၊ သမာဓိ၊ ပညာနှင့် စရန တရားများကြောင့် ဗုဒ္ဓဘာသာဝင်အများစု ကြည်ညိုလေးစားခြင်းခံရတဲ့ ရွှေဥမင်ဆရာတော်ဘုရားကြီးရဲ့ မွေးဖွားရာ ဇာတိ၊ ရဟန်းပြုရာ ဇာတိရွာဖြစ်ပါတယ်။ ပညာရေးနိမ့်ကျခဲ့တဲ့ မိမိဇာတိမွေးရပ်မြေ၊ မုက္ခမူ ကျေးရွာကို ဆရာတော်ဘုရားကြီးဟာ မေ့ပျောက်ခြင်းမရှိဘဲနဲ့ မုက္ခမူကျေးရွာ အခြေခံပညာ

ကျောင်းဝင်းလေးထဲမှာ (၁၂၀ x ၃၀)ပေ နှစ်ထပ်ကျောင်းဆောင်ပေါင်း (၃)ဆောင်ကို ဆရာတော်ဘုရားကြီးက ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါ ခင်ဗျား။ Slide 2 နှင့် Slide 3 မှာ မြင်ရတဲ့ ပတ္တမြားဆောင်၊ Slide 4 မှာ မြင်ရတဲ့ ပုလဲဆောင်၊ Slide 5 မှာ မြင်ရတဲ့ ရွှေဥမင်ဆောင်တို့ဟာ ရွှေဥမင်ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ဆောက်လုပ်လှူဒါန်းခဲ့တဲ့ အဆောင်များဖြစ်ပြီးတော့ Slide 6 နှင့် Slide 7 မှာ မြင်ရတဲ့ ရွှေဥမင်ဓမ္မသုခဆောင်ကိုတော့ ရွှေဥမင်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးမှ ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးကို မမေ့မပျောက်ရှိနေတဲ့ သူရဲ့ ဒကာ၊ ဒကာမများဖြစ်တဲ့ ရွှေသံလွင်ကုမ္ပဏီက လာရောက် ဆောက်လုပ်လှူဒါန်းခဲ့တာဖြစ်ပါတယ်။ ကျောင်းသူ၊ ကျောင်းသားပေါင်း (၁၀၁၁)ဦး တက်ရောက်ပညာသင်ကြားနေတဲ့ မုက္ခမူကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်းမှ အဆောင်(၅)ဆောင် အနက် (၄)ဆောင်ဟာ လှူဒါန်းထားတဲ့ အဆောင်များဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ရန်ပုံငွေနဲ့ ဆောက်လုပ်ပေးထားတဲ့ (၁၂၀x၃၀)ပေရှိ တစ်ထပ်ကျောင်းဆောင် (၁)ဆောင်ရှိပါတယ်။ အဲဒီ အဆောင်ကိုနိုင်ငံတော်က ငွေကျပ်သိန်း(၁၀၀) ခွင့်ပြုပါတယ်။ (၃)ရာခိုင်နှုန်းနုတ်ပြီးတော့ ကျန် (၉၇)သိန်းနဲ့မလောက်လို့ အဲဒီအခြေခံပညာအထက်တန်းကျောင်းရဲ့ ကျောင်းသားမိဘများက (၁၈)သိန်းကျော်ထပ်မံထည့်ဝင် ဆောက်လုပ်ခဲ့ပါတယ်။ Slide မှာမြင်ရတဲ့ ကျောက်စိမ်းဆောင်ဟာဆိုလို့ရှိရင် နိုင်ငံတော်အစိုးရရန်ပုံငွေနှင့် တည်ဆောက်ထားတဲ့ အဆောင်ဖြစ်ပါတယ်။

ကျိုက်ထိုမြို့နယ်၊ မုက္ခမူကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဟာ မြေကေ (၆.၄၅)ကေ ကျယ်ဝန်းတာရယ်၊ နိုင်ငံတော်က ရန်ပုံငွေရရှိဖို့ နည်းပါးမှုရယ်ကို အထူးအလေးထားတင်ပြခဲ့တာဖြစ်ပါတယ်။ ပြောင်းလဲလာတဲ့ ပညာရေးစနစ်အရ ရူပ၊ ဓာတုနှင့် ဇီဝဗေဒဘာသာရပ်များအတွက် လက်တွေ့ခန်းများ မဖြစ်မနေ လိုအပ်နေပြီဖြစ်ပါတယ်။ ယခင်နိုင်ငံတော်မှ ရန်ပုံငွေရရှိမှု နည်းပါးခဲ့တဲ့ မုက္ခမူကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှာ လိုအပ်နေတဲ့ (၉၀x၃၀)ပေ သိပ္ပံခန်း(၁)ဆောင်ကို နိုင်ငံတော်ရဲ့ ရန်ပုံငွေနဲ့ ဆောက်လုပ်ပေးစေလိုတဲ့အပြင် သိပ္ပံခန်းများအတွက် လိုအပ်နေတဲ့ ပစ္စည်းကိရိယာ အစုံအလင်ကိုပါ ထည့်ဝင်စေလိုတဲ့ ဒေသခံကျောင်းသား၊ မိဘပြည်သူများကိုယ်စား အထက်ပါအတိုင်း သိပ္ပံဆောင်(၁)ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ပတ္တမြားဆောင်၏ မြင်ကွင်းပုံ (၃)



ရွှေဥမင်ဓမ္မသုခဆောင်၏ မြင်ကွင်းပုံ (၃-၁)




ကျောက်စိမ်းဆောင်၏ မြင်ကွင်းပုံ (၃-၂)



**မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ တောင်ဦးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းဆောင်သစ်တစ်ဆောင်အား ၂၀၂၀ -၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၆။**

**ဒေါ်သန်းသန်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းဖြင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်ရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန်းသန်းအေး ဖြစ်ပါတယ်။ ကျွန်မမေးမြန်းမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ တောင်ဦးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းဆောင် အဆောက်အဦသစ်အား ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ အထက်ပါ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ တောင်ဦး အခြေခံပညာအထက်တန်းကျောင်းဟာ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှာ အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ထားသော ကျောင်းတစ်ကျောင်းဖြစ်ပါတယ်။ ပညာသင်ကြားနေသော ကျောင်းသူ၊ ကျောင်းသားဦးရေမှာ စုစုပေါင်း (၅၉၉)ဦး ရှိပါတယ်။ သူငယ်တန်းမှာ (၃၆)ဦး၊ ပထမတန်းမှာ (၅၉)ဦး၊ ဒုတိယတန်းမှာ (၅၁)ဦး၊ တတိယတန်းမှာ (၈၂)ဦး၊ စတုတ္ထတန်းမှာ (၆၉)ဦး၊ မူလတန်းအဆင့် စုစုပေါင်း(၂၉၇)ဦး၊ ဆဋ္ဌမတန်း (G-6) မှာ (၆၂)ဦး၊ ဆဋ္ဌမတန်းမှာ (၅၉)ဦး၊ သတ္တမတန်းမှာ (၃၂)ဦး၊ အဋ္ဌမတန်း (၃၈)ဦး၊ အလယ်တန်းအဆင့် စုစုပေါင်း (၁၉၁)ဦးရှိပြီးတော့ နဝမတန်းမှာ (၃၆)ဦး၊ ဒသမတန်းမှာ (၇၅)ဦး၊ အထက်တန်းအဆင့် စုစုပေါင်း (၁၁၁)ဦး၊ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် စုစုပေါင်း (၅၉၉)ဦး ရှိပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ စာသင်ခန်းအရေအတွက်မှာ (၉၀ x ၃၀)ပေ စာသင်ခန်း (၃)ခန်းမှာ ၁၉၉၂ ခုနှစ်တွင် ကပစ(၂)မှ လှူဒါန်းဆောက်လုပ်သည့် ကျောင်းဆောင်(၆၀ x ၃၀)ပေ စာသင်ခန်း(၂)ခန်းမှာ မိဘများထည့်ဝင်ငွေနှင့် ဆောက်လုပ်သည့် ကျောင်းဆောင်(၁၂၀ x ၃၀)ပေ

စာသင်ခန်း(၅)ခန်းမှာ နိုင်ငံတော်မှ ဆောက်လုပ်တဲ့ အဆောင်ဖြစ်၍ (၄၀ x ၂၄)ပေစာသင်ခန်းမှာ ကျောင်းသားများမဆံ့၍ ယာယီဆောက်ထားသော ကျောင်းဆောင်များဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ Power Point ပြသခွင့်ပြုပါရန် လေးစားစွာ ခွင့်တောင်းအပ်ပါတယ်ရှင်။ ဒါကတော့ တောင်ဦး၊ မင်းလှမြို့နယ်၊ တောင်ဦးကျောင်း ဖြစ်ပါတယ်။ အဆောင်ပေါင်း(၄)ဆောင်ရှိ၍ ယခုမြင်ရသည့်အဆောင်မှာ အစိုးရက ဆောက်လုပ်ပေးတဲ့ (၁၂၀ x ၃၀)ပေ ကျောင်းဆောင်ဖြစ်ပါတယ်။ အဲဒါကတော့ ကျောင်းသားမိဘတွေ ဆောက်လုပ်ပေးတဲ့ (၆၀ x ၃၀)ပေ ကျောင်းဆောင်ဖြစ်ပါတယ်။ ဒါကတော့ ကပစ(၂) မှ ၁၉၉၂ ခုနှစ်မှာ ဆောက်လုပ်ခဲ့သော ကျောင်းဆောင်ဖြစ်ပါတယ်။ ဒါကတော့ မိဘများ ယာယီစာသင်နေတဲ့ ကျောင်းအကျိုးဆောင်များ လှူဒါန်းတဲ့ကျောင်းဆောင်ဖြစ်ပါတယ်။ အဲဒါကတော့ မိဘများ ဆောက်လုပ်ထားတဲ့ စာသင်ခန်း ကျောင်းဆောင်ဖြစ်ပါတယ်ရှင်။ ဒါလည်း မိဘများကလှူဒါန်းတဲ့ ကျောင်းဆောင်များဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ တောင်ဦးကျေးရွာကို အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများဖြစ်ကြတဲ့ ရွာသစ်၊ စစ္စနီး၊ ဒေါင်းဘုတ်၊ ထန်းကိုင်း၊ လဲပင်ကျင်း၊ ဂျင်ရဲမြောင်၊ သက္ကယ်ကျင်း စတဲ့ ကျေးရွာများမှ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူများဟာ တောင်ဦးကျေးရွာ အထက်တန်းကျောင်းကို လာရောက်ကြတာဖြစ်တဲ့အပြင် ကျောင်းသားများဟာ ပြည့်စုံလုံလောက်မှု မရှိပါဘူး။ လာမယ့်ပညာသင်နှစ်မှာလည်းပဲ ကျောင်းသူ၊ ကျောင်းသားဦးရေ ထပ်တိုးလာမည်ဖြစ်ပါသောကြောင့် ကျောင်းဆောင်ဆောက်မည့် မြေနေရာလည်းရှိပြီးသားဖြစ်၍ ကျောင်းဆောင်သစ်တစ်ဆောင်အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ကျောင်းသားမိဘများ ဆောက်လုပ်ထားသော (၆၀ x ၃၀)ပေ ကျောင်းဆောင် မြင်ကွင်းပုံ (ပ)



အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဖွင့်ပြီးနောက် ယာယီစာသင်နေရသော ကျောင်းဆောင်၏ မြင်ကွင်းပုံ (ဃ-၁)



ယာယီကျောင်းဆောင်စာသင်ခန်းပုံ (ဃ-၂)



**မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာန အခြေခံပညာနှင့် အထက်တန်းပညာသင်ကြားရေးတို့တွင် ကျောင်းဆရာနှင့် ဆရာမအချို့ လွန်စွာကွာဟနေခြင်းအား မည်သို့စီစဉ်ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၉။**

**ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) မင်းလှ၊ မိုးညို၊ အုတ်ဖိုမြို့နယ်တို့မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ အခြေခံပညာနှင့် အထက်တန်း ယခုအခါမှာတော့ အဆင့်မြင့်ပညာသင်ကြားရေးလို့ခေါ်တဲ့ ပညာသင်ကြားရေးတွေမှာ ဆရာနှင့် ဆရာမအချိုး လွန်စွာကွာဟနေတာကို ဘယ်လိုစီစဉ်ဆောင်ရွက်နေသလဲနှင့် ပတ်သက်ပြီး သိရှိလိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အခြေခံပညာမူလတန်းမှာဆိုလို့ရှိရင် ကျောင်းသား၊ ကျောင်းသူပေါင်းက သိန်း(၅၀)ကျော်နှင့် အလယ်တန်းမှာ သိန်း(၃၀)ကျော်၊ အထက်တန်းမှာဆိုလို့ရှိရင် ကျောင်းသားပေါင်း (၁၀)သိန်းကျော် (၁၁)သိန်းရှိပါတယ်။ ၁၂-၁-၂၀၁၉ ရက်နေ့က ရရှိတဲ့ စာရင်းအရဆိုရင် မြန်မာနိုင်ငံမှာ မူလတန်းကျောင်းပေါင်း (၂၆၉၁၈)ကျောင်း၊ အလယ်တန်းကျောင်းပေါင်း (၁၅၄၉၇)ကျောင်းနှင့် အထက်တန်းကျောင်းပေါင်း (၄၅၉၀)ကျောင်း ရှိတဲ့အတွက်ကြောင့် စုစုပေါင်း (၄၇၀၀၅)ကျောင်းရှိပါတယ်။ ယခုအခါမှာ ကျောင်းပေါင်း(၄၇၀၀၀) ကျော်နေပါပြီ။ ဒီကိစ္စနှင့်ပတ်သက်လို့ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေ (၃)မြို့နယ်ကို လေ့လာတဲ့အခါမှာ မင်းလှမြို့နယ်မှာ ဆိုလို့ရှိရင် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ကျောင်းသားပေါင်းက (၂၁၀၈၈)ဦးရှိပြီး ဆရာက (၁၉၁)ဦးပဲရှိပါတယ်။ ဆရာမက (၉၁၀)ဦးရှိပါတယ်။ ဒါကို အချိုးချကြည့်လိုက်တဲ့အခါမှာ (၁၇.၄:၈၂.၆)ရှိတာကို တွေ့ရှိရပါတယ်။ မိုးညိုမြို့ကို လေ့လာတဲ့အခါမှာ ကျောင်းသား၊ ကျောင်းသူပေါင်းက (၂၃၅၉၀)ဦးရှိပြီးတော့ ဆရာ၊ ဆရာမပေါင်းကတော့ (၁၃၁၉)ဦးရှိပါတယ်။ အဲဒီမှာ ဆရာပေါင်းက (၃၄၅)ဦးရှိပြီးတော့ ဆရာမပေါင်းက (၉၇၄)ဦးရှိပါတယ်။

တစ်ခါ အုတ်ဖိုမြို့နယ်ကို ကြည့်လိုက်တဲ့အခါမှာ အုတ်ဖိုမြို့နယ်မှာ ကျောင်းသားပေါင်းက (၂၀၅၆၉)ဦးပဲရှိပြီး ဆရာ၊ ဆရာမပေါင်းကတော့ အများဆုံး (၁၃၄၀)ဦးရှိပါတယ်။ အဲဒီမှာ ဆရာပေါင်းကတော့ (၂၅၁)ဦးနှင့် ဆရာမပေါင်းကတော့ (၁၀၈၉)ဦးရှိပါတယ်။ အဲဒါကြောင့်မို့လို့ အုတ်ဖိုမြို့နယ်မှာ အချိုးချလိုက်တဲ့အခါမှာ (၁၈.၇:၈၁.၃)ကို တွေ့ရှိရပါတယ်။ တစ်ခါ ကျွန်တော်တို့ တစ်ပြည်လုံးအတိုင်းအတာနှင့် ကျွန်တော်တို့ အခြေခံပညာအဆင့်ကို လေ့လာလိုက်တဲ့အခါမှာ ဆရာ၊ ဆရာမပေါင်းက (၄၀၇၃၀၇)ဦးရှိပြီးတော့ ဆရာပေါင်းက (၆၈၆၉၄)ဦးရှိပါတယ်။ ဆရာမပေါင်းက ကျန်တဲ့ (၃၃၈၆၁၃)ဦးရှိပါတယ်။ ဒါကို ကျွန်တော် အချိုးချကြည့်လိုက်တဲ့အခါမှာ (၁၆.၉:၈၃.၁) ရှိပါတယ်။ တစ်နည်းအားဖြင့် (၁၇:၈၃)ရှိတာကို သွားတွေ့ရပါတယ်။ တက္ကသိုလ်အဆင့်မှာဆိုလို့ရှိရင် ဆရာမပေါင်းက (၈၀.၁)ရာခိုင်နှုန်းရှိတာကို တွေ့ရှိရပါတယ်။ ဒီလိုတွေဖြစ်နေတဲ့အတွက် ကျွန်တော်တို့ မြန်မာနိုင်ငံပညာရေးတွင် ကျောင်းတွေမှာ ဆရာ၊ ဆရာမများအပေါ် ရှိသေလေးစားမှု၊

စည်းကမ်းသေဝပ်မှု၊ ကျောင်းသန့်ရှင်းရေးနှင့် အားကစားလှုပ်ရှားမှုတွေအပေါ်မှာ သက်ရောက်မှုတွေ ရှိလာကြပါတယ်။

အထူးသဖြင့် ကျွန်တော်တို့ လူအများနှင့်ဆက်ဆံရတဲ့ လုပ်ငန်းတွေဖြစ်တဲ့ကျောင်းမှာ အစည်းအဝေးတွေ၊ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးတွေ၊ ကျောင်းပညာရေး စုံညီပွဲတော်တွေ၊ ဆုပေးပွဲအခမ်းအနားတွေ၊ နောက်တစ်ခါ ဝေးလံတဲ့နေရာတွေကို သွားရောက်လုပ်ကိုင်ဖို့ဆိုရင် ဆရာတွေက တော်တော်လေးပဲ အားကိုးရပါတယ်။ အခုလို ဆရာ၊ ဆရာမ အချိုးတွေ ကွာဟနေတာနဲ့ ပတ်သက်လို့ လေ့လာကြည့်တဲ့အခါမှာ ကျွန်တော်တို့ မြန်မာလူမျိုးတွေရဲ့ လူမှုစနစ်တွေနဲ့ ဓလေ့ထုံးတမ်းစဉ်လာအရ ဆရာမ လျှောက်ထားတာတွေရယ်၊ အမျိုးသမီးတွေက မိခင်စိတ်ရှိတာရယ် မိဘတွေကိုယ်တိုင်က မိမိရဲ့သမီးကို ဆရာမ လုပ်ခိုင်းစေခြင်းအားဖြင့် လူတွေ အမြင်မှာ၊ အများအမြင်မှာ တင့်တယ်ပြီးတော့ ရိုသေလေးစားတာရှိတာကြောင့်လည်း ဆရာမတွေက များလာတာကို တွေ့ရပါတယ်။

တချို့တွေက ဆန္ဒမရှိသော်လည်း ပတ်ဝန်းကျင်ရဲ့ဖိအားကြောင့် လုပ်ရတာတွေလည်း ရှိပါတယ်။ တစ်ခါ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ရှေးပဝေသဏီကတည်းက ဆရာမအလုပ်ဟာ အိန္ဒြေသိက္ခာရှိတာကြောင့် ဆရာမအရေအတွက်များလာသလို အမျိုးသားဆရာတွေကတော့ လှုပ်ရှားတက်ကြွတဲ့ ပင်ကိုယ်သဘာဝရှိတာကြောင့် သူတို့မှာ စိတ်ဝင်စားမှု နည်းတာတွေရယ်၊ နောက် အမျိုးသားတွေမှာ အမျိုးသမီးတွေနဲ့စာလို့ရှိရင် အလုပ်လုပ်ကိုင်တဲ့အခါမှာ အလုပ်ရဖို့အခွင့်အလမ်းတွေ၊ ရွေးချယ်ဖို့ များတာတွေရယ်၊ နောက်ဝင်ငွေ နည်းပါးတာတွေရယ်၊ နောက် ကိုယ့်ကို မင်းက ဘာအလုပ် လုပ်နေပါသလဲလို့မေးရင် ကျောင်းဆရာအလုပ် လုပ်တယ်လို့ပြောရမှာ သိမ်ငယ်ကြလို့ နည်းနေပါတယ်။

နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်က ဆရာတွေ နည်းနေတာကိုလည်း ပြောလေ့ရှိပါတယ်။ အမျိုးသားတွေကို ပညာရေးမြင့်မြတ်ပုံနှင့် စိတ်ဝင်စားမှုကိုလည်း ပြောပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မူလတန်းကနေ အလယ်တန်းကို ပြောင်းတဲ့အခါမှာ သိန်း(၂၀)ကျော်၊ အလယ်တန်းကနေ အထက်တန်းကို ပြောင်းတဲ့အခါမှာ သိန်း(၂၀)ကျော် လျော့သွားတာကိုလည်း ကျွန်တော်တို့ ပညာရေးဌာနက လုပ်ကိုင်ဖို့မလွယ်ပါဘူး။ သို့သော်လည်းပဲ ကျောင်းဆရာအချိုးနည်းတာကိုတော့ ပညာရေးဝန်ကြီးဌာနအနေနှင့် ကြိုးစားလို့ရှိရင် ရနိုင်ပါတယ်။ ဒါကြောင့်မို့လို့ အထက်ပါမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သထုံမြို့၊ သိမ်ကုန်းရပ်၊ ဦးဖြူအခြေခံပညာမူလတန်းကျောင်းရှိ အန္တရာယ်ရှိ အဆောက်အအုံအား ဖျက်သိမ်း၍ (၉၀ x ၃၀)ပေ ကျောင်းဆောင်သစ်တစ်ဆောင်ကို လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀:၄၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၄။**

**ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသောမေးခွန်းမှာ သထုံမြို့၊ သိမ်ကုန်းရပ်ကွက် ဦးဖြူ အခြေခံပညာမူလတန်းကျောင်းရှိ အန္တရာယ်ရှိအဆောက်အအုံအား ဖျက်သိမ်း၍ (၉၀ x ၃၀)ပေ ကျောင်းဆောင်သစ်တစ်ဆောင်ကို လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါကျောင်းသည် သထုံမြို့၊ သိမ်ကုန်းရပ်ကွက် ဦးဖြူ လမ်းပေါ်တွင်တည်ရှိ၍ ၁၉၇၇ ခုနှစ်တွင် ဦးဖြူ နှင့်တကွ ရပ်ရွာမှ အလှူရှင်များရဲ့ လှူဒါန်းငွေဖြင့် (၉၆x၂၆)ပေ ကျောင်းဆောင်တစ်ဆောင်ကို ဆောက်လုပ်၍ စတင်ဖွင့်လှစ် သင်ကြားခဲ့ပါတယ်။ ကျောင်းခြံစည်းရိုး အုတ်တံတိုင်း (၃)ဘက်စလုံးကိုလည်း ရပ်ရွာမှ အလှူရှင်များ၏ ကိုယ်ထူကိုယ်ထကြိုးပမ်းမှုဖြင့်သာ ဆောက်လုပ်ခဲ့ပါတယ်။ ကျောင်းတွင် ကျောင်းအုပ်ဆရာမကြီး အပါအဝင် ဝန်ထမ်းအင်အား (၇)ဦးဖြင့် မူကြိုအပါအဝင် ကျောင်းသား၊ ကျောင်းသူ(၈၄)ဦးအား ပညာသင်ကြားပေးလျက်ရှိပါတယ်။ သို့သော် ယခုအခါ ဦးဖြူ ကျောင်းသည် နှစ်ပေါင်း (၄၄)နှစ်ခန့် ကြာမြင့်ခဲ့ပြီးဖြစ်ပါတယ်။ ခေါင်မိုး မိုးထားသည့်သစ်များမှာ နှစ်ပေါင်းများစွာကြာ၍ ဆွေးမြည့်နေခြင်း၊ သဘာဝဘေးအန္တရာယ်များကြောင့် သွပ်များ လန်ထွက်နေခြင်း၊ သွပ်တန်းများ ဆွေးမြည့်နေခြင်း၊ မျက်နှာကြက်များ ကွာကျနေခြင်း၊ မိုးယို၍ မျက်နှာကြက်များ နိမ့်ကျလာခြင်းတို့ကြောင့် ကလေးများအတွက် အန္တရာယ်ရှိနေကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ၁၂-၂-၁၉၄၇ ရက်နေ့မှာ သမိုင်းဝင် ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးရာမှာ ပါဝင်ခဲ့သော သထုံစော်ဘွားကိုယ်စားလှယ် ဦးဖြူ ဖြစ်ပါတယ်။ ကျွန်တော်တို့ကျောင်းမှာ တွေ့ရှိခဲ့ရတာကတော့ ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် တိုင်းရင်းသားကိုယ်စားလှယ် (၂၃)ဦးကို

ဂုဏ်ပြုမှတ်တမ်းတင်ထားသော ပုံဖြစ်ပါတယ်။ အနီးကပ်ပြထားတဲ့ပုံကတော့ ဦးဖြူ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဦးဖြူ နှင့် ရပ်ရွာ၊ ကျေးရွာအလှူရှင်များက လှူဒါန်းခဲ့တဲ့ မူလတန်းကျောင်းကို သွားရောက်ကြည့်ရှုခဲ့တဲ့ပုံ ဖြစ်ပါတယ်။ အဆိုပါပုံကတော့ ပျက်စီးယိုယွင်း နေပြီဖြစ်သော ဦးဖြူ မူလတန်းကျောင်းရဲ့ အရှေ့ဘက် မျက်နှာစာပုံဖြစ်ပါတယ်။ ဦးဖြူ မူလတန်းကျောင်းအား ကျွန်တော်တို့ ဘေးမျက်နှာစာဘက်မှ တွေ့ရှိရတာဖြစ်ပါတယ်။ အဆိုပါပုံကတော့ ဘေးတွင် ယိုင်နဲ့နေသော အုတ်နံရံများကို တွေ့ရှိရတဲ့ပုံ ဖြစ်ပါတယ်။ အဆိုပါပုံကတော့ ပျက်စီးနေပြီးတော့ ကျွန်တော်တို့ သုံးစွဲလို့မရတဲ့ သန့်စင်ခန်းများဖြစ်ပါတယ်။

ယခုအခါတွင် မျက်နှာကြက်များ နိမ့်ကျလာပြီး စာသင်ရန် အခက်အခဲရှိလာတဲ့အတွက် ကျွန်တော်တို့ မျက်နှာကြက်တွေကို ခွာချပြီးတော့ ကလေးငယ်များအတွက် ဘေးကင်းသော နေရာသို့ ပြောင်းရွှေ့သင်ကြားနေရကြောင်း မိဘပြည်သူများက တင်ပြလာပါတယ်။ သို့ဖြစ်ပါ၍ သထုံမြို့ သိမ်ကုန်းရပ်ကွက်၊ ဦးဖြူ အခြေခံပညာမူလတန်းကျောင်းရှိ အန္တရာယ်ရှိအဆောက်အအုံအား ဖျက်သိမ်း၍ (၉၀ x ၃၀)ပေ ကျောင်းဆောင်သစ်တစ်ဆောင်ကို လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ် ခင်ဗျား။

၁၂-၂-၁၉၄၇ ရက်နေ့တွင် သမိုင်းဝင်ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးရာတွင် ပါဝင်ခဲ့သော သထုံစော်ဘွား ကိုယ်စားလှယ် ဦးဖြူ ပုံ (၈)



ဦးဖြူ အခြေခံပညာမူလတန်းကျောင်း အရှေ့ဘက် မြင်ကွင်းပုံ (ဏ-၁)




ပျက်စီးယိုယွင်းနေပြီဖြစ်သော ဦးဖြူ မူလတန်းကျောင်း၏ အရှေ့ဘက်မျက်နှာစာ မြင်ကွင်းပုံ (ဏ-၂)



**ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ ရမ်းဗြဲမြို့နယ်၊ စစ်ပြားကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် လာမည့်ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀:၄၇။**

**ဥက္ကဋ္ဌ။**　　။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၇။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။**　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါ။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့ မဲဆန္ဒနယ် ဖြစ်တဲ့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ ရမ်းဗြဲမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) စစ်ပြားကျောင်းအား လာမည့်ဘဏ္ဍာရေးနှစ်တွင် အခြေခံပညာအထက်တန်းကျောင်းအဆင့် အဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကိုမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ရမ်းဗြဲမြို့နယ်မှာရှိတဲ့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) စစ်ပြားကျောင်းဟာဆိုလို့ရှိရင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ကျောင်းအကျယ်အဝန်းဟာဆိုလို့ရှိရင် (၁၀၅၀)ပေ၊ အနံ (၇၀၀)ပေ၊ ဧရိယာ (၇.၁၃)ဧကရှိပြီး ကျောင်းဆောင်အနေအထားနှင့် စာသင်ခန်းအရေအတွက်ဟာ (၁၇)ခန်းရှိပါတယ်။

လက်ရှိမှာ အထက်တန်းကျောင်းသားအဆင့် ကျောင်းသူ၊ ကျောင်းသား (၆၉)ဦးနှင့်အတူ စုစုပေါင်း ကျောင်းသူ၊ ကျောင်းသား(၃၄၄)ဦး ပညာသင်ကြားလျက်ရှိပါတယ်။ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) စစ်ပြားကျောင်းဟာဆိုလို့ရှိရင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ပင်မကျောင်း ရမ်းဗြဲရဲ့ ကျောင်းခွဲတစ်ခုဖြစ်ပါတယ်။ စစ်ပြား ကျေးရွာဟာ စံပြကျေးရွာနှင့်အညီ လမ်းပန်းဆက်သွယ်ရေး၊ အသင့်အတင့်ကောင်းမွန်ပြီးတော့ ဒေသဖွံ့ဖြိုးရေး၊ မိဘများရဲ့ ပညာရေး စိတ်ဝင်စားမှု အင်မတန်အားကောင်းတဲ့ ကျောင်းတစ်ကျောင်းဖြစ်ပါတယ်။ ပင်မ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရမ်းဗြဲကျောင်းနှင့် (၇)မိုင်ခန့်ဝေးကွာပြီးတော့ လမ်းလျှောက်မယ်ဆိုလို့ရှိရင် တောလမ်းကနေ (၂)နာရီကျော်အကြာ လျှောက်ရတဲ့၊ အလွန်မှဝေးကွာတဲ့ အနေအထားမှာ ရှိနေပါတယ်။

အခြေခံပညာအထက်တန်းကျောင်း(ခွဲ) စစ်ပြားကျောင်းဟာဆိုလို့ရှိရင် အခြေခံပညာအထက်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးပေမယ့် ပင်မကျောင်းဖြစ်တဲ့ ရမ်းဗြဲကျောင်းမှာ ကျောင်းသူ၊ ကျောင်းသား လျော့နည်းသွားမှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) စစ်ပြားကျောင်းရဲ့ ကျောင်းသူ၊ ကျောင်းသားအရေအတွက် တိုးလာပါတယ်။ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကလည်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ) စစ်ပြားကို မှီခိုပြီးတော့ ကျောင်းတက်ရပါတယ်။ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) စစ်ပြားကျေးရွာအပါအဝင် ပတ်ဝန်းကျင်မှာနေထိုင်ကြတဲ့ ပြည်သူလူထုကလည်း များပါတယ်။ စစ်ပြားကျေးရွာမှာ အိမ်ခြေ(၄၅၀)အိမ်ရှိပြီး လူဦးရေ (၂၂၅၀)ဦး ရှိပါတယ်။ အနီးပတ်ဝန်းကျင်ရွာများဖြစ်တဲ့ ရမ်းသစ်ကြီး၊ ရမ်းသစ်ကြီး(အဝ)၊ လှိုင်ခေါင်၊ မှော်ရုံ၊ င/ညိုကိုင်း အစရှိတဲ့ရွာမှာ အိမ်ခြေပေါင်း (၄၉၅)အိမ်နှင့် လူဦးရေပေါင်း (၂၃၀၀)ဦးကျော်ရှိတဲ့အတွက်ကြောင့်မို့လို့ သား၊ သမီး မြေးကျမ်းများစွာ မှီခိုအားထားရတဲ့ ကျောင်းတစ်ကျောင်းလည်း ဖြစ်ပါတယ်။

အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်မြှင့်တင်မယ် ဆိုလို့ရှိရင်တော့ စစ်ပြား အခြေခံပညာ အထက်တန်းကျောင်း အပါအဝင် ပတ်ဝန်းကျင်မှာရှိတဲ့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် အခြေခံပညာမူလတန်းကျောင်းများ ကျောင်းသူ၊ ကျောင်းသား (၂၃၇)ယောက်ကနေပြီးတော့ (၂)နာရီကျော်အကြာ ပင်ပန်းဆင်းရဲစွာ သွားလာတဲ့ခရီးကို အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အထက်ပါ

မေးခွန်းအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ကံမော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအား (၁၃၀ x ၃၀)ပေ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၅၀။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၀။**

**ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါဆိုပြီးတော့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဥက္ကာမင်း ဖြစ်ပါတယ်။ ယနေ့ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ကံမော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအား (၁၃၀ x ၃၀)ပေ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကျွန်းစုမြို့နယ်သည် တနင်္သာရီတိုင်းဒေသကြီးမှာ တည်ရှိပြီး ရေလမ်းခရီးကို အဓိကထားပြီးတော့ သွားလာရတဲ့ဒေသဖြစ်ပါတယ်။ ဒီ ကံမော်ကျေးရွာမှာရှိတဲ့ အထက်တန်းကျောင်းဆိုလို့ရှိရင်လည်း အနီးအနားကျေးရွာမှ ကလေးတွေက ရေလမ်းခရီးက တစ်ဆင့်လာပြီး ပညာသင်ကြားရတဲ့ ကျောင်းပဲဖြစ်ပါတယ်။ နှစ်စဉ် KG ကျောင်းသားဦးရေ (၃၀၀) နီးပါးခန့်တိုးနေတဲ့ ကျောင်းလည်းဖြစ်ပါတယ်။ ကျောင်းသားဦးရေနှင့် စာသင်ခန်းမလုံလောက်တဲ့ အခြေအနေလည်းရှိတဲ့အတွက် တစ်ရက်မှာ (၂)ကြိမ်ခွဲပြီး သင်ရမယ့် အခြေအနေတွေလည်း ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ဒီအရပ်မှာရှိတဲ့ကျေးရွာမှာ မှီတင်းနေထိုင်ကြတဲ့ အနီးအနားဝန်းကျင်က ကလေးတွေရဲ့ ပညာရေး၊ ရှေ့ရေးအခြေအနေတွေအတွက်လည်း ကျောင်းဆောင်ကြီးက မဖြစ်မနေ လိုအပ်လျက်ရှိနေပါတယ်။ ဒါကြောင့်မို့လို့ တိုင်းဒေသကြီးလွှတ်တော်မှာလည်းပဲ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ မေးခွန်း မေးမြန်းထားပြီးဖြစ်ပါတယ်။ ကတိကဝတ်လည်း ရပြီးဖြစ်ပါတယ်။ ဒါပေမယ့်လည်း ရှေ့နှစ်က ဘတ်ဂျက်မှာပါလာပြီး ပြန်လည်ပြီးတော့ ဖျက်သိမ်းတဲ့အထဲမှာ ပါသွားတာဖြစ်တဲ့အတွက် ယခုဆိုရင် ကျေးရွာမှာရှိတဲ့ ကျောင်းသားပြည်သူတွေဟာ အခက်အခဲဖြစ်လျက်ရှိပါတယ်။

ဒါကြောင့်မို့လို့ ကံမော်ကျေးရွာမှာရှိတဲ့ အခြေခံပညာအထက်တန်းကျောင်းအား (၁၃၀x၃၀)ပေ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းပြီးတော့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၅၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၅၁။**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်း က မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးလှမြင့်(ခ) ဦးလှမြင့်သန်း ရဲ့ မေးခွန်းဖြစ်သော မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ မုက္ခမူကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းတွင် လိုအပ်လျက်ရှိနေသည့် (၉၀ x ၃၀)ပေ သိပ္ပံဆောင် (၁)ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ဦးစွာဖြေကြားတင်ပြပါမယ်။

ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ယခုစာသင်နှစ်အတွင်းမှာ ကိုယ်စားလှယ်တော်ကြီးရဲ့ မဲဆန္ဒနယ် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်အတွင်းမှာ အန္တရာယ်ရှိတဲ့ ကျောင်းဆောင်တွေဖျက်သိမ်းပြီး အသစ်ဆောက်လုပ်ပေးရန် အဆောက်အဦအသစ် (၅)ကျောင်း၊ ကျောင်းသားဦးရေအရတိုးချဲ့ဆောက်လုပ်ပေးရန် ကျောင်းဆောင်သစ်(၄)ကျောင်း၊ ဝန်ထမ်းအိမ်ရာ အသစ်ဆောက်လုပ်ပေးရန် (၂)ကျောင်း၊ စုစုပေါင်း ကျောင်းဆောင်သစ် (၁၁)ကျောင်းအတွက် ငွေကျပ်သန်းပေါင်း (၉၇၀.၂)သန်း ခွဲဝေဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်ကြီးတင်ပြထားတဲ့ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ မုက္ခမူကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှာ (၉၀ x ၃၀)ပေ Steel Structure တစ်ထပ်ဆောင်(၁)ဆောင် အသစ်ဆောက်လုပ်ပေးရန်အတွက် လိုအပ်တဲ့ရန်ပုံငွေကို လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ရန်ပုံငွေအောက်မှာ လျာထားပေးမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။

ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်သန်းသန်းအေး ရဲ့ မေးခွန်းဖြစ်သော မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ တောင်ဦးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှာ ကျောင်းဆောင်သစ်တစ်ဆောင် ၂၀၂၀ -၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနဲ့ စပ်လျဉ်းပြီး ဆက်လက်တင်ပြပါမယ်။

ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကိုယ်စားလှယ်တော်ကြီးရဲ့ မဲဆန္ဒနယ် မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်အတွင်းမှာ ကျွန်တော်တို့ ပြီးခဲ့တဲ့ လွှတ်တော်ကတိကဝတ်အရ အသစ်ဆောက်လုပ်ပေးတဲ့ ကျောင်း(၁)ကျောင်း၊ အန္တရာယ်ရှိကျောင်းဆောင်ကို ဖျက်သိမ်းပြီး အသစ်ဆောက်လုပ်ပေးတဲ့ကျောင်း (၃)ကျောင်း၊ ကျောင်းသားဦးရေ တိုးတက်လာမှုအရ အသစ်ဆောက်လုပ်ပေးတဲ့ကျောင်း (၄)ကျောင်း၊ ဝန်ထမ်းအိမ်ရာအသစ် ဆောက်လုပ်ပေးတဲ့ကျောင်း (၁)ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း(၉)ကျောင်းအတွက် ငွေကျပ်(၆၂၁.၆)သန်းအရ ခွဲဝေဆောင်ရွက်ပေးနေပါကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ မင်းလှမြို့နယ်၊ တောင်ဦးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှာ (၁၀၀ x ၃၀)ပေ RCC နှစ်ထပ်ဆောင်(၁)ဆောင် ဆောက်လုပ်ပေးရန် လိုအပ်တဲ့ရန်ပုံငွေကို လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး)ရန်ပုံငွေ ခေါင်းစဉ်အောက်မှာ ကျွန်တော်တို့ ထည့်သွင်းလျာထားပြီး ဖြစ်ပါတယ်။ ခွင့်ပြုချက်ရရှိလျှင် အသစ်ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာ ဦးဝင်းမြင့် ရဲ့ မေးခွန်းဖြစ်တဲ့ မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန အခြေခံပညာနှင့် အထက်တန်းပညာသင်ကြားရေးတို့တွင် ကျောင်းဆရာနှင့် ဆရာမအချိုးလွန်စွာကွာဟနေခြင်းအား မည်သို့စီစဉ်ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။

ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနရဲ့ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ စာရင်းအရ တင်ပြရရင် အထက်တန်းကျောင်းအုပ်အဖြစ် ကျား(၈၇၈)ဦး၊ မ(၁၇၇၁)ဦး၊ အလယ်တန်းကျောင်းအုပ်အဖြစ် ကျား(၁၂၂၁)ဦး၊ မ(၃၆၇၃)ဦး၊ မူလတန်းကျောင်းအုပ်အနေနဲ့ ကျား(၂၀၉၉)ဦး၊ မ(၅၄၄၄)ဦးဖြစ်တဲ့အတွက် စုစုပေါင်း ကျောင်းအုပ်ဆရာနဲ့ ဆရာမအချိုးမှာ (၁:၃)၊ ရာခိုင်နှုန်းအားဖြင့် (၂၅:၇၅)ရာခိုင်နှုန်းရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒီ သင်ကြားရေး ဆရာ၊

ဆရာမများအနေနဲ့ ထက်/လယ်/မူ သင်ကြားရေး ဆရာပေါင်း (၆၆၀၇၁)ဦး၊ ဆရာမပေါင်း (၃၃၁၈၄၆)ဦး၊ စုစုပေါင်း (၃၉၇၉၁၇)ဦးဖြစ်တဲ့အတွက် လက်ရှိအနေအထားအားဖြင့် ဆရာနှင့် ဆရာမ အချိုးမှာ (၁:၅)၊ ကိုယ်စားလှယ်တော်ကြီး တင်ပြတာမှန်ပါတယ်။ (၁၇:၈၃) ရာခိုင်နှုန်းဖြစ်နေကြောင်း တွေ့ရပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ဆရာဖြစ်သင်တန်းတွေ လက်ခံတဲ့ နေရာမှာ ယောကျာ်းလေး အချိုးရအောင် ကျွန်တော်တို့ တိုးချဲ့လက်ခံဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်ပြီးခဲ့တဲ့ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ရန်ကုန်တက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေး တက္ကသိုလ်များမှ B.Ed တိုက်ရိုက်ပေါင်းကူး သင်တန်းဆင်း၊ PGDMA သင်တန်းဆင်း၊ ပညာရေးကောလိပ်များမှ D.T.Ed သင်တန်းဆင်း၊ PPTT သင်တန်းဆင်းများမှ စုစုပေါင်း ကျား (၄၁၈၉)ဦး၊ မ(၉၇၅၃)ဦး၊ စုစုပေါင်း (၁၃၉၄၂)ဦးတို့ကို လစ်လပ်နေရာများမှာ ခန့်ထား ပြီးဖြစ်ပါတယ်။ ဒီလိုခန့်ထားပေးရာမှာ စုစုပေါင်း ကျောင်းဆရာ (၄၁၈၉)ဦး၊ ကျောင်းဆရာမ (၉၇၅၃)ဦးဖြစ်ပြီး ဆရာနှင့် ဆရာမအချိုး (၁:၂) ခန့်အထိရောက်အောင် ဆောင်ရွက်နေပြီဖြစ်ပါ ကြောင်းနှင့် ဆက်လက်ပြီးလည်း ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။

ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာဇော်လင်းထွန်း ရဲ့ သထုံမြို့၊ သိမ်ကုန်းရပ်၊ ဦးဖြူ အခြေခံပညာမူလတန်းကျောင်းရှိ အန္တရာယ်ရှိ အဆောက်အအုံအား ဖျက်သိမ်း၍ (၉၀ x ၃၀)ပေ ကျောင်းဆောင်သစ် တစ်ဆောင်ကို လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်းနဲ့ စပ်လျဉ်းပြီး ဆက်လက်တင်ပြပါမယ်။

ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ယခုစာသင်နှစ်အတွင်းမှာ ကိုယ်စားလှယ်တော်ကြီးရဲ့ မဲဆန္ဒနယ် မွန်ပြည်နယ်၊ သထုံမြို့နယ်အတွင်းမှာ အန္တရာယ်ရှိ ကျောင်း ဆောင်ကို ဖျက်သိမ်းပြီး အသစ်ဆောက်လုပ်ပေးတဲ့ ကျောင်း(၁)ကျောင်း၊ ကျောင်းသားဦးရေ တိုးလာလို့ အဆောင်သစ် ဆောက်လုပ်ပေးတဲ့ ကျောင်း(၈)ကျောင်း၊ သိပ္ပံဆောင်ဆောက်လုပ်ပေးတာ (၁)ကျောင်း၊ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးတာ (၄)ကျောင်း၊ စာကြည့်တိုက်နှင့် မီဒီယာခန်းမ (၁)ခု၊ အားကစားရုံဆောက်လုပ်ရန် (၁)ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း (၁၆)ကျောင်း အတွက် ငွေကျပ်သန်းပေါင်း (၁၅၀၅.၇)သန်း ခွဲဝေလျာထား ဆောင်ရွက်နေပြီဖြစ်ပါကြောင်း တင်ပြ အပ်ပါတယ်။ ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ ကျောင်းဆောင်အဟောင်းကလည်း အန္တရာယ်ရှိတဲ့ အနေအထားဖြစ်တဲ့အတွက် ပညာရေးဝန်ကြီးဌာနအနေနဲ့ သထုံမြို့နယ်၊ ဦးဖြူ အခြေခံပညာမူလတန်း ကျောင်းရှိ ဒီ ကျောင်းဆောင်ကိုဖျက်သိမ်းပြီး (၁၂၀ x ၃၀)ပေ Steel Structure တစ်ထပ်ဆောင် (၁)ဆောင် ဆောက်လုပ်ပေးရန်အတွက် လိုအပ်သောရန်ပုံငွေကို ကျွန်တော်တို့ လာမည့် ၂၀၂၀ – ၂၀၂၁

ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ရန်ပုံငွေခေါင်းစဉ်အောက်မှာ လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိလျှင် တည်ဆောက်ပေးမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်ထုမေ ရဲ့ မေးခွန်းဖြစ်သော ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ ရမ်းဗြဲမြို့နယ်၊ စစ်ပြားကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် လာမည့်ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြပါမယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ယခု ပညာသင်နှစ်အတွင်းမှာ ကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ် ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်အတွင်းမှာ အခြေခံပညာ မူလတန်းကျောင်း(ခွဲ) (၁)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း (၁)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (၆)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (၇)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (၁၂)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း (၁)ကျောင်း စုစုပေါင်း အခြေခံပညာအဆင့် ကျောင်းပေါင်း (၂၈)ကျောင်း အဆင့်တိုးမြှင့် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ရမ်းဗြဲမြို့နယ်၊ စစ်ပြားကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အနေနဲ့ လက်ရှိကျောင်းသက်တမ်းဟာ ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ (၄)နှစ်ပဲ ရှိပါသေးတယ်။ လက်ရှိ စာသင်ကြားနေတဲ့ အထက်တန်းဆင့်သင်ကျောင်းသားဦးရေဟာလည်း (၆၉)ဦးသာရှိပါတယ်။ ဒါ့အတွက် ယခုလာမည့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှာတော့ အဆင့် တိုးမြှင့်ဖို့ ဦးစားပေးအစီအစဉ်မှာ ပါရှိခြင်းမရှိပါကြောင်း တင်ပြအပ်ပါတယ်။ လောလောဆယ်မှာလည်း ဒီကျောင်းဟာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့် ရရှိပြီးဖြစ်တဲ့အတွက် အထက်တန်းပညာရပ်များကိုလည်း သင်ကြားခွင့်ရရှိနေပြီဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဥက္ကာမင်း ၏ မေးခွန်းဖြစ်သော တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ကံမော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအား (၁၃၀x၃၀)ပေ နှစ်ထပ်ကျောင်းဆောင်အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်းနှင့် စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။

ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ယခုပညာသင်နှစ်အတွင်း ကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ် ကျွန်းစုမြို့နယ်အတွင်းမှာ အန္တရာယ်ရှိကျောင်းဆောင် ဖျက်သိမ်းပြီး အသစ်ဆောက်လုပ်ရန် (၁)ကျောင်း၊ ကျောင်းသားဦးရေတိုးလာလို့ အသစ်တိုးချဲ့ပေးတာ (၁၀)ကျောင်း၊ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးခြင်းအတွက် ကျောင်း(၁)ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း (၁၂)ကျောင်းအတွက် ရန်ပုံငွေကျပ်သန်းပေါင်း (၁၀၁၄)သန်း ခွဲဝေဆောင်ရွက်ပေးနေပါကြောင်း တင်ပြအပ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးတင်ပြထားတဲ့ ကျွန်းစုမြို့နယ် ကံမော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအတွက်လည်း (၁၃၀ x ၃၀)ပေ RCC နှစ်ထပ်ဆောင်(၁)ဆောင် အသစ်ဆောက်လုပ်ရန်အတွက် လိုအပ်တဲ့ရန်ပုံငွေကို ကျွန်တော်တို့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါတယ်။ ခွင့်ပြုချက်ရရှိလျှင် အသစ်ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁:၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၂)ဦး အမည်စာရင်းတင်သွင်းထားပါတယ်။ တစ်ဦးလျှင် (၆)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာဖြစ်ပါတယ်။

ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၀၄။**

**ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ပြင်ဆင်ချက်၊ ပယ်ဖျက်ချက်၊ ဖြည့်စွက်ချက်များကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အား Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒီမြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင်ဥပဒေကြမ်းဟာ ဦးစီးဌာနကနေ လွတ်လပ်စွာစီမံခန့်ခွဲနိုင်တဲ့ Regulatory Body၊ တစ်နည်းအားဖြင့် ကျွန်တော်တို့ Statutory Body အဖြစ်ဆောင်ရွက်ဖို့ ရေးဆွဲထားတာဖြစ်လို့ မူအားဖြင့် ကြိုဆိုရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့

ကျွန်တော်တို့ ပြုခဲ့ပြီး၊ ပြဋ္ဌာန်းပြီးဖြစ်တဲ့ ဥပဒေတချို့မှာဆိုရင် ဥပဒေအရ ဖွဲ့စည်းထားတဲ့ ကော်မရှင်၊ ကော်မတီ၊ အေဂျင်စီတွေထဲမှာ ပြည်ထောင်စုအဆင့်ဝန်ကြီးတွေ၊ ဝန်ကြီးချုပ်တွေ၊ ညွှန်ကြားရေးမှူးချုပ်တွေက မူလတာဝန်တွေအပြင် ပါဝင်နေလို့ လုပ်ငန်းတွေ မလုပ်နိုင်တာ၊ တာဝန်တွေကို ပြည့်ဝအောင် မဆောင်ရွက်နိုင်တဲ့သူတွေ ရှိပါတယ်။ ဒါပေမယ့်လည်း ယခုဥပဒေကြမ်းမှာ ကျွန်တော့်အနေဖြင့် ပြင်ဆင်ရမယ့် အချက်တွေရှိပါတယ်။

ကျွန်တော် ဒီဥပဒေကြမ်းမှာဆိုရင် ကော်မရှင်ကို နိုင်ငံတော်သမ္မတကပဲ တိုင်ရိုက်ခန့်အပ်ပြီးတော့ နိုင်ငံတော်သမ္မတကိုပဲ တာဝန်ခံတာကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒီတော့ ဆက်သွယ်ရေးနှင့်ပတ်သက်ပြီးတော့ ဝန်ကြီးဌာနက ဘာတာဝန်မှမရှိသလို ဖြစ်ပါတယ်။ ဒီ Telecommunication ဟာ ကဏ္ဍများစွာထဲက ဒီ Sector တစ်ခုသာဖြစ်ပြီး နောင်ဖြစ်လာမယ့် အခြားသော Regulatory Body တို့၊ ကော်မရှင်တို့မှာလည်း သမ္မတ တစ်ဦးတည်းကိုသာ တာဝန်ခံတယ်ဆိုတာ ဒါဟာ မဖြစ်သင့်ပါဘူး။ နောက်တစ်ခုက သမ္မတ က Appointed လုပ်ရမယ်ဆိုရင်၊ သမ္မတကိုသာ တာဝန်ခံရမယ်ဆိုရင် သမ္မတရဲ့ Executive Order နဲ့ လုပ်ရမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေဖြင့် ပြင်ဆင်လိုတာကတော့ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုအစိုးရအဖွဲ့ ဆုံးဖြတ်ချက်ဖြင့် မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်ကို ဖွဲ့စည်းပေးရမယ်ဆိုပြီး ပြင်ဆင်ချင်ပါတယ်။

နောက်တစ်ခုက အပိုဒ်ခွဲ (ဂ)နှင့် (ဃ)မှာလည်း ဒီကော်မရှင်ဥက္ကဋ္ဌနဲ့ ကော်မရှင်ရုံးအဖွဲ့အကြီးအမှူးကို သမ္မတ က ခန့်အပ်ရမယ်ဆိုတဲ့အခါမှာ ဒီဥပဒေကြမ်းထဲမှာပါတဲ့၊ နောက်ဆက်တွဲမှာပါတဲ့ အပိုဒ် (၁၀)မှာ သမ္မတ က ခန့်အပ်ရမယ်ဆိုတဲ့အချက်က ရှိပြီးသားဖြစ်ပါတယ်။ ဒါဟာ ထပ်နေပါတယ်။ ဒါကြောင့် ဒီ (ဂ)နှင့် (ဃ)ကို ကျွန်တော့်အနေနဲ့ ပယ်ဖျက်ဖို့ ဆွေးနွေးလိုပါတယ်။ ဒီကော်မရှင်ရုံးအဖွဲ့အကြီးအမှူးကို ခန့်အပ်တာတို့၊ သက်တမ်းသတ်မှတ်တာ၊ တာဝန်မှရပ်စဲတာ၊ အစားထိုးပြန်ခန့်အပ်ခြင်းတို့က ဥပဒေအရ ကျွန်တော်တို့ လွတ်ထွက်နေပါတယ်။ ဒီဥပဒေကြမ်းဟာ ထိုင်းနိုင်ငံရဲ့ Telecommunication ဥပဒေကို မှီငြမ်းထားပုံရပါတယ်။ အဲဒီတော့ ကော်မရှင်ဖြစ်ပေါ်သွားတဲ့အခါမှာ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနဆိုတာ မရှိတော့ပါဘူး။ ဦးစီးဌာနရဲ့ ညွှန်ကြားရေးမှူးချုပ်ဟာ ရုံးအဖွဲ့အကြီးအမှူးဖြစ်လာမှာဖြစ်ပြီးတော့ မူလနိုင်ငံ့ဝန်ထမ်းအဖြစ်ကနေ နားရမှာပါ။ သူဟာ ကော်မရှင်ထဲမှာ အတွင်းရေးမှူးအဖြစ်ပါဝင်နေလို့ ဒီအချက်ကို ပြင်ဆင်ရခြင်းဖြစ်ပါတယ်။ ထိုင်းနိုင်ငံ Telecommunication ဥပဒေထဲမှာဆိုရင် ရုံးအဖွဲ့အကြီးအမှူးဟာ Governor ပါ။ သူ့ရဲ့အထက်မှာ Chairman တို့၊ Vice – Chairman တို့ရှိပါတယ်။ ဒီ Governor ကိုလည်း အလားတူ သတ်မှတ်ပြဋ္ဌာန်းချက်တွေ ထည့်ထားပေမယ့် အခု ဥပဒေကြမ်းမှာတော့ မပါပါဘူး။ ဒါကြောင့် ဒီအပိုဒ် ၁၀(က) နိုင်ငံတော်သမ္မတက ခန့်အပ်တာနဲ့ အပိုဒ် ၁၁ (က) သက်တမ်းသတ်မှတ်တာတို့မှာ ရုံးအဖွဲ့အကြီးအမှူးကို ထည့်ပြီးပြင်ဆင်ရခြင်းဖြစ်ပါတယ်။

နောက်တစ်ခုကတော့ အပိုဒ်ခွဲ(ခ) ကော်မရှင်ဥက္ကဋ္ဌကို ပြည်ထောင်စုဝန်ကြီးအဆင့်အဖြစ် လည်းကောင်း၊ အဖွဲ့ဝင်များကို ဒုတိယဝန်ကြီး အဆင့်အဖြစ်လည်းကောင်း သတ်မှတ်သည်ဆိုတာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီကော်မရှင်တစ်ခုတည်းနဲ့တင် ဝန်ကြီးဌာနတစ်ခုလို ဖြစ်နေပါတယ်။ ဝန်ကြီးအဆင့်အဂ်ါစဉ်ထဲရောက်မှ ကျွန်တော်တို့ အလုပ် လုပ်လို့ရတာမဟုတ်ပါဘူး။ အဓိက ကတော့ ဥပဒေက ပေးထားတဲ့ တာဝန်နဲ့လုပ်ပိုင်ခွင့်အရသာ အလုပ် လုပ်နိုင်ဖို့ ဖြစ်ပါတယ်။ အဲဒီတော့ အခြား နိုင်ငံတွေရဲ့ ကော်မရှင်တွေထဲမှာလည်း ဒီလို ဝန်ကြီးအဆင့် သတ်မှတ်ထားတာတို့ မရှိပါဘူး။ အဲဒီတော့ အပိုဒ် ၁၃ ကျွန်တော့်အနေနဲ့ ပြင်ဆင်ထားတာကတော့ ကော်မရှင်သည် နိုင်ငံတော်သမ္မတ ကို ဆိုတဲ့နေရာမှာ ဝန်ကြီးဌာနကို တာဝန်ခံရမည်လို့ ပြင်ဆင်ထားတာဖြစ်ပါတယ်။

အခန်း(၄) ကော်မရှင်၏လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ ဖြစ်ပါတယ်။ ဥပဒေကြမ်း ထဲမှာပါရှိတဲ့ စုံစမ်းစစ်ဆေးခြင်း အခန်းခေါင်းစဉ်ထဲမှာ ဒီအချက်ဟာ သဘောတရားအရ ပါပေမယ့်လို့ တာဝန်ထဲမှာ ထည့်ထားဖို့လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ယနေ့ကာလမှာ ဆက်သွယ်ရေး အော်ပရေတာတချို့ရဲ့ ဝန်ဆောင်မှုတွေမှာ ပြည်သူလူထု နစ်နာရတာတွေရှိပါတယ်။ ဒါကြောင့် အပိုဒ် ၁၇(တ)အနေနဲ့ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ စားသုံးသူ အခွင့်အရေးများကို ကာကွယ်ပေးခြင်း၊ (ထ) နိုင်ငံတော်နှင့် ပြည်သူတို့ နစ်နာမှုမရှိစေရေးအတွက် လိုင်စင်ခွင့်ပြုချက်၊ အသိအမှတ်ပြုရရှိသူများ၊ လုပ်ငန်းများအပေါ် စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီ အရေးယူဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အဲဒီတော့ လိုင်စင် ခွင့်ပြုချက် ရရှိတဲ့သူတွေမှာ ယနေ့ အော်ပရေတာတွေဖြစ်တဲ့ တယ်လီနောတို့၊ အော်ရီဒူးတို့ ပါသလိုပဲ MPT မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းတွေလည်း ပါသွားတာဖြစ်ပါတယ်။ နောက် အပိုဒ်ခွဲ(ဒ) အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တစ်နှစ်(၁)ကြိမ် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာတင်သွင်းခြင်း ဒီအချက်တွေကိုလည်း ကျွန်တော့်အနေနဲ့ ဖြည့်စွက်ထားတာဖြစ်ပါတယ်။

ကော်မရှင်အစည်းအဝေးကျင်းပခြင်းနှင့် တာဝန်လွှဲအပ်ခြင်း ဒီအချက်ကို ဆောင်ရွက်ဖို့ရာ ဒီဥပဒေကြမ်းထဲမှာပဲ အပိုဒ် ၁၆ မှာ သမ္မတ က လုပ်ပိုင်ခွင့်ထဲမှာ ထည့်ထားတာဖြစ်ပါတယ်။ ဒါဟာ မလိုအပ်တော့ပါဘူး။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ပယ်ဖျက်ဖို့ တင်ပြထားတာဖြစ်ပါတယ်။ အခန်း(၆) ကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၏ ရာထူးမှနုတ်ထွက်ခြင်း၊ တာဝန်မှရပ်စဲခြင်း၊ ဖြည့်စွက် ခန့်ထားခြင်း ကျွန်တော် အရှေ့မှာဆွေးနွေးခဲ့သလိုပါပဲ။ ဒီအချက်ထဲမှာဆိုရင် ကော်မရှင်ရုံးအဖွဲ့ အကြီးအမှူးကိုပါ ထပ်မံဖြည့်ထားရခြင်းဖြစ်ပါတယ်။ အခန်း(၇) ကော်မရှင်ရုံးအဖွဲ့ ဖွဲ့စည်းခြင်း၊ ဦးစီး ဌာနကနေ ကော်မရှင်အဖြစ် လုပ်ငန်းတွေလွှဲပြောင်းတဲ့နေရာမှာ အဆင်ပြေဖို့လို့ ထည့်ထားတဲ့ သဘောလို့ ယူဆပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ပြင်ဆင်လိုတာကတော့ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေအရ စတင်ဖွဲ့စည်းသည့် ကော်မရှင် ပထမသက်တမ်းတွင် ကော်မရှင်ရုံးအဖွဲ့အကြီးအမှူးဖြစ်ပြီး ကော်မရှင်၏ အတွင်းရေးမှူးဖြစ်သည်လို့ ပြင်ဆင်ထား

တာဖြစ်ပါတယ်။ ဒီအခန်းကိုတော့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။ အဲဒီတော့ သဘောရိုးဖြင့် ဆောင်ရွက်ခြင်းကြောင့် ကော်မရှင်၏ ပျက်ကွက်မှု သို့မဟုတ် ဆောင်ရွက်မှု တစ်ရပ်ရပ်အတွက် ကော်မရှင်ကို ရာဇဝတ်ကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရ လည်းကောင်း တရားစွဲဆိုခြင်း၊ အရေးယူခြင်းမရှိစေရဆိုတဲ့ အချက်ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ ကော်မရှင်ရဲ့ အလုပ် လုပ်လို့ရအောင် ပေးထားတဲ့အချက် ဥပဒေသဘောအရဆိုရင် Good Faith ပါ။ ဥပမာအားဖြင့် တင်ပြရမယ်ဆိုရင် ကော်မရှင်ရဲ့အရေးယူမှုအပေါ် အော်ပရေတာတွေကသာ တရားမမှုနဲ့ ပြန်စွဲနေလို့ကတော့ ကော်မရှင်ဟာ အလုပ် လုပ်လို့ရမှာမဟုတ်ပါဘူး။ အခြားတစ်ဖက်မှာလည်းပဲ ကော်မရှင်ရဲ့ အရေးယူမှုတွေကို ဒီအော်ပရေတာတွေနဲ့ အယူခံဝင်ခွင့် ဆိုတဲ့ အချက်ကိုလည်း ထည့်သွင်းဖို့လိုအပ်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၁၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ)ဦးမောင်စိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၁၀။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တော်ကြီးများ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာပြီးတော့ ကျန်းမာကြပါစေ။ ကျွန်တော် ဒီကနေ့ မြန်မာ နိုင်ငံဆက်သွယ်ရေးကော်မရှင်ဥပဒေကို ကျွန်တော် ရေးထုံးနဲ့ အရေးအသားများ ပြင်ဆင်ဆွေးနွေး သွားမှာဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါ။ ပထမ ပုဒ်မ ၄(က)က ကျွန်တော်တို့ ရေးထုံးပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ရက်ပေါင်း(၁၈၀)ကို ကျွန်တော် (၆)လလို့ ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ (၃)လနှင့်အထက်ကို ကျွန်တော်တို့ လနှင့်ဖော်ပြခြင်း ဖြစ်ပါတယ်။ အောက်က ပုဒ်မ ၅ ကတော့ ကျွန်တော် ကော်မရှင်အဖွဲ့ဝင်လောင်းသည်ဆိုတဲ့ စကားရပ်ကို ဒါကို ကျွန်တော် ပယ်ဖျက်လိုခြင်းဖြစ်ပါတယ်။ ဒါ ရွေးချယ်ရေးကော်မတီလို့ပဲ တိုက်ရိုက်ရေးသုံးရမှာ ဖြစ်ပါတယ်။ ပုဒ်မ၂(ဠ)မှာလည်း ရွေးချယ်ရေးကော်မတီကို အဓိပ္ပာယ်ဖွင့်ဆိုပြီးသားဖြစ်တဲ့အတွက် ဒီစကားရပ် ဟာ မလိုအပ်တဲ့အတွက် ပယ်ဖျက်လိုခြင်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော် အဖွဲ့ဝင်လောင်း ဆိုတာကို လောင်း ဆိုတဲ့ဟာကို ပယ်ဖျက်ပြီးတော့ အောက်မှာက ပုဒ်မခွဲ(၁)ကို ပြင်ဆင်ချင် တာကတော့ နိုင်ငံသား မိဘနှစ်ပါးမှမွေးဖွားတဲ့ နိုင်ငံသားဖြစ်သူ ဆိုတဲ့စကားရပ်ကို နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသူလို့ ရေးထုံးအရ ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။

ပုဒ်မခွဲငယ် (၄)ကိုတော့ ကျွန်တော် အသစ်ဖြည့်စွက်လိုခြင်း ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်မဟုတ်သူ ဆိုတဲ့ဟာကို ဖြည့်စွက်လိုခြင်းဖြစ်ပါတယ်။ ပုဒ်မ ၇(ခ)ကတော့ ကျွန်တော်

ရေးထုံး ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ အောက်ပါအချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်တဲ့သူ တစ်ဦးဦးကို ကော်မရှင်အဖွဲ့ဝင်လောင်းအဖြစ် အဆိုပြုခြင်းမရှိစေရ ဆိုတဲ့ဟာကို ရေးထုံးကျစ်လျစ်မှုရှိစေရန် အောက်ပါပုဂ္ဂိုလ်များသည် ကော်မရှင်အဖွဲ့ဝင်အဖြစ် အဆိုပြုခွင့်မရှိစေရလို့ ရေးထုံးကျစ်လျစ်မှု ရှိအောင် ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ ပုဒ်မခွဲငယ်(က)ကိုလည်း ပယ်ဖျက်လိုခြင်း ဖြစ်ပါတယ်။ ဒီပယ်ဖျက်လိုခြင်းကတော့ အဆိုမပြုခင် နှစ်နှစ်ကာလအတွင်းမှာ ကော်မရှင်လုပ်ငန်းတာဝန်ကို ကောင်းမွန်စွာ ထမ်းဆောင်နိုင်ရေးအပေါ်မှာ ထိခိုက်စေနိုင်သည့် လုပ်ငန်းတာဝန်တစ်ခု ထမ်းဆောင် ခြင်း၊ အကျိုးစီးပွား ရယူထားသူဖြစ်ခြင်း ဆိုတဲ့ဟာက ဒါက ကျွန်တော်တို့ တိကျသေချာတဲ့ ပြဋ္ဌာန်း ထားချက်မျိုးလည်း မဟုတ်ပါဘူး။ လိုအပ်ခြင်းလည်း မရှိပါဘူး။ ဒီကော်မရှင်ရဲ့ လုပ်ငန်းတာဝန် ဆိုတာ အခန်း(၄)မှာ ပုဒ်မ ၁၇ အနေနဲ့ ပြဋ္ဌာန်းထားတာရှိပါတယ်။ နိုင်ငံတော်သမ္မတကို အကြံပြု ရမယ်၊ ဝန်ကြီးဌာနကို အကြံပြုရမယ် စသည်ဖြင့် အများပြည်သူသိရှိရန် ဆောင်ရွက်တာတို့၊ အကြံပြု ချက်တွေ ပေးတာတို့၊ စုံစမ်းစစ်ဆေးတာတွေ အကူအညီပေးတာတို့၊ စီမံချက်ရေးဆွဲတာကို ကူညီ တာတို့ ဒီလိုဖော်ပြထားတာဖြစ်တဲ့အတွက် ဒီလုပ်ငန်းတာဝန်နဲ့ သက်ဆိုင်ခြင်းမရှိတော့တဲ့အတွက် ဒီပုဒ်မကို ပယ်ဖျက်လိုခြင်းဖြစ်ပါတယ်။

ပုဒ်မ ၇(ခ) ဖြစ်ပါတယ်။ ပုဒ်မ ၇(ခ) ကတော့ ဒါက ရေးထုံးပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ လူမွဲအဖြစ် သက်ဆိုင်ရာ တရားရုံးကဆုံးဖြတ်တဲ့ ကြေညာခံခဲ့ရသူဖြစ်ခြင်း သို့မဟုတ် လူမွဲစာရင်း ခံယူခြင်း ဆိုတဲ့ စကားရပ်အခြေကို လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံးက ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့် မရသေးသူဖြစ်ခြင်းလို့ ဒါ ဖွဲ့စည်းပုံအခြေခံဥပဒေရေးထုံးနဲ့လည်း ညီညွတ်မှု ရှိပါတယ်။ ပုဒ်မ ၉(က)တော့ အဖွဲ့ဝင်လောင်း ဆိုတဲ့ဟာတွေကို လောင်း ကို ပယ်ဖျက်ပြီးတော့ ထံသို့ ဆိုတဲ့ဟာကို ပယ်ဖျက်လိုခြင်းဖြစ်ပါတယ်။ ထံသို့ ဆိုတဲ့စကားရပ်ကို နိုင်ငံတော်သမ္မတထံလို့ အဆိုပြု လိုခြင်းဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ သို့ ဆိုတဲ့ ဝိဘတ်ကို ရှေးရှုရာဝိဘတ် သုံးတဲ့အခါမှာ ဒီ သို့၊ ထံသို့လို့ သုံးခြင်းမရှိပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ထံသို့ ဆိုတဲ့ဟာကို နိုင်ငံတော်သမ္မတထံ လို့ပဲ ကျွန်တော် ပုဒ်မ ၁၀ ဖြစ်ပါတယ်။ ပုဒ်မ ၁၀ က ဒါလည်း ရေးထုံး ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ဒါက ပုဒ်မ ၁၃ ပါ။ ပုဒ်မ ၁၃ ကလည်း ကျွန်တော် ကို ဆိုတဲ့ ဝိဘတ်ကို အားလို့ နိုင်ငံတော် သမ္မတအားလို့ ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ အား ဆိုတဲ့ လက်ခံပြ ဝိဘတ်ကို သုံးသင့်ကြောင်းလည်း ကျွန်တော် ပြင်ဆင်ထားတာပါတယ်။ သဒ္ဒါအရဆိုရင်တော့ ကို ကို သုံးရမယ်ဖြစ်သော်လည်းပဲ နှစ်သက်မြတ်နိုးခြင်းနဲ့ အလေးအနက်ပြုခြင်း ဆိုတဲ့ သဘောကိုပြတဲ့အနေနဲ့ နိုင်ငံတော်သမ္မတ အားလို့ပဲ သုံးပါတယ်။ နိုင်ငံတော်သမ္မတတို့၊ နိုင်ငံတော်အလံတို့ကို အား လို့ပဲ သုံးလေ့ရှိပါတယ်။ အပိုဒ် ၁၆ ကတော့ ကျွန်တော် ရေးထုံးပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ၁၇ ကလည်း ကျွန်တော်တို့ ၎င်း ဆိုတဲ့ဟာကို ယင်း ဆိုတဲ့ အညွှန်းနာမဝိသေသနနဲ့ ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။

ပုဒ်မ ၂၃(က) ကတော့ ကျွန်တော် ဖြည့်စွက်ထားခြင်းဖြစ်ပါတယ်။ ကော်မရှင်ဥက္ကဋ္ဌသည် ရာထူးသက်တမ်း မကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက်လိုကြောင်းကို အနည်းဆုံး ရက်ပေါင်း(၃၀)ကြိုတင်၍ နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြရပြီး ရာထူးမှ နုတ်ထွက်ရမည်လို့ ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ နောက် (ခ)ကတော့ ကော်မရှင်အဖွဲ့ဝင်တစ်ဦးသည် ရာထူးသက်တမ်း မကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက်လိုကြောင်းကို ကော်မရှင်ဥက္ကဋ္ဌမှတစ်ဆင့် အနည်းဆုံး ရက်ပေါင်း(၃၀) ကြိုတင်၍ နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြ၍ ရာထူးမှ နုတ်ထွက်နိုင်သည်ဆိုတဲ့ ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော် ရှေ့မှာဆွေးနွေးပြီးသားဖြစ်ပါတယ်။ ရက်ပေါင်း(၁၈၀)ကို (၆)လလို့ ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ အောက်က ပုဒ်မ ၂၅ က ၎င်း ကို ယင်း လို့ဆိုတဲ့ ဝိဘတ်ကို သုံးပြီးတော့ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်ရာထူးမှ နုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းမရှိလျှင် တာဝန်မှ ရပ်စဲရမည် ဆိုတဲ့စကားရပ်ကို ဖြည့်စွက်လိုခြင်းဖြစ်ပါတယ်။

ဒါက ပုဒ်မ ၂၆ ဖြစ်ပါတယ်။ ပုဒ်မ ၂၆ ကတော့ ကျွန်တော်တို့ သေဆုံးခြင်း သို့မဟုတ် ရှုံးသွပ်ခြင်း ဆိုတဲ့ဟာကို သေဆုံးခြင်း ထားပြီးတော့ နုတ်ထွက်ခြင်း ဆိုတဲ့ဟာကို ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ဒီ နုတ်ထွက်ခြင်းဆိုတဲ့ ခ နေရာမှာ ရှုံးသွပ်ခြင်း ဆိုတဲ့ စကားရပ်ကို ကျွန်တော်တို့ အစားထိုးရမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒီရှုံးသွပ်ခြင်းကို စိတ်ပေ့ါသွပ်သူဟု သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်အရ ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူဖြစ်ခြင်း ဆိုတဲ့ ရေးထုံးကတော့ ရှေ့မှာလည်း ဆွေးနွေးထား---------

**အချိန်၊ ၁၁:၁၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာခြင်းအား အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၁:၁၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ပြန်တဲ့ တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး

ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁:၁၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် နည်းဥပဒေ၊ နည်းဥပဒေခွဲအလိုက် အသေးစိတ်ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၁-၂-၂၀၂၀ (သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်နဲ့ အင်တာနက်က ပေးပို့တယ်ဆိုတာ ကျွန်တော်တို့ ဆီမှာ မရှိဘူးခင်ဗျာ။ အဲဒီတော့ ကျွန်တော်တို့က ဘယ်ဟာကို ပြင်ဆင်ဖို့အတွက်၊ ဆွေးနွေးဖို့အတွက် ကျွန်တော်တို့ ဘယ်ဟာလုပ်ရမယ်ဆိုတာ ကျွန်တော်တို့ဆီမှာ မပါတဲ့အတွက် အဲဒါလေးကိုလုပ်ပေးဖို့ ကျွန်တော် ပြောချင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာလုပ်တာက အီးမေးလ်ကနေတစ်ဆင့် ကျွန်တော်တို့ ဖြန့်ထားပါတယ်။ ယူကြည့်လို့ ရပါတယ်။

**ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ မပါဘူးခင်ဗျာ။ မပါလို့ ကျွန်တော် ထပြောရတာပါ။

**ဥက္ကဋ္ဌ။** ။ ရုံးမှာလာရှင်းလိုက်နော်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် နဝမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁:၁၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၁၁:၁၇ နာရီအချိန်တွင် ရပ်နားပါသည်။]